# ကြေးမုံ
# The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 June 2023 ၁၁၁၃၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## ယနေ့ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာ ငွေကျပ် ၁၂၈၀၅ သိန်းဖြစ်

**နေပြည်တော် ဇွန် ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ် နှစ်ခုရရှိခဲ့သည့် မောင်အောင်မြင့်မြတ်အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ် ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ


**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူစကၠုဒါန ဆေးရုံတော်ကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးလျက်ရှိ** စာမျက်နှာ » ၇



**မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၂)** ဆောင်းပါး စာမျက်နှာ » ၁၀

**အရသာရှိသော အောင်မြင်မှု** ဆောင်းပါး စာမျက်နှာ » ၁၇

ကြေးမုံ

# နိုင်ငံတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးရေး ဦးတည်ကြိုးပမ်း

မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးသည် သမိုင်းရှည်ကြာဖြစ်ပေါ်ခဲ့သော မြန်မာ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေးအခြေအနေပေါ်တွင် မူတည်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်ခဲ့သည့် အကြောင်းတရားအပေါ်မူတည်၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို တပ်မတော်က ထိန်းသိမ်းကာကွယ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးခန့် ဒေသအလိုက်၊ လူမျိုးအလိုက် ရပ်တည်နေထိုင်လျက်ရှိသည်။ အသွင်အပြင်၊ လက္ခဏာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီမှုမရှိဘဲ ကွဲပြားခြားနားသည်။ တောင်တန်း၊ ပြည်မ ဒေသများ၏ ရေ၊ မြေသဘာဝ၊ ရာသီဥတု၊ လမ်းပန်းဆက်သွယ်မှု၊ ပညာသင်ကြားမှု၊ ကူးလူးဆက်ဆံမှုများ မတူညီသဖြင့် တစ်ပြေးညီဖြစ်တည်နေခြင်းမရှိပေ။ သက်ဦးဆံပိုင်ဘုရင်စနစ်ကျင့်သုံးစဉ်က ဩဇာသက်ရောက်မှုအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိခဲ့သည်။ ကိုလိုနီစနစ်ကျင့်သုံးစဉ်ကလည်း တောင်တန်း၊ ပြည်မခွဲခြားအုပ်ချုပ်သဖြင့် ကွာခြားမှုရှိခဲ့သည်။ လွတ်လပ်ရေးရပြီးကာလတွင်လည်း ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ကွဲပြားခြားနားမှုများဖြစ်ပေါ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့သည့်ကာလများတွင်လည်း နိုင်ငံရေးအယူအဆ ကွဲပြားခြားနားမှုများနှင့် အဖျက်အမှောင့် အနှောင့်အယှက်အမျိုးမျိုးတို့ကြောင့် တိုင်းပြည်တွင် အန္တရာယ်အမျိုးမျိုး ကျရောက်ခဲ့သည်။ အခက်အခဲအကျပ်အတည်းအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်အစိုးရတာဝန်ယူခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေး လမ်းခင်းပုံဖော်ပေးခဲ့သည်။ ဒီမိုကရေစီလမ်းကြောင်းသို့ သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြေတောင်မြှောက်ပေးခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပြီး အနိုင်ရသည့် ဒီမိုကရေစီအစိုးရနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီစနစ်တွင် တပ်မတော်အနေဖြင့် ဖြတ်သန်းလာခဲ့သော နိုင်ငံရေးအတွေ့အကြုံအရ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်သည်များကို အစိုးရအား အကြံညာဏ်ပေးခြင်း၊ ကူညီခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင်လည်း အခက်အခဲကြုံတွေ့နေသည့် အစိုးရကို တပ်မတော်က ကူညီဖြေရှင်းပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်ရန် အရေးကြီးသည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း မရိုးမသားသောနည်းများဖြင့် ရွေးကောက်ပွဲအနိုင်ရရှိရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းပေးရန် တပ်မတော်က အကြိမ်ကြိမ်ပြောကြားသော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်ခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူတို့လိုလားသော ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး တပ်မတော်အနေဖြင့် အဆိုပါလမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ပေ။ တိုင်းပြည်တည်ငြိမ်ရေးကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်။

"တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ခေတ်အဆက်ဆက် နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့်အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံအကျိုးအတွက် ဆောင်ရွက်ရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၁၆ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား ပြောကြားခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်သည် သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးကို အကြောင်းပြုသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ကို မဖြစ်မနေ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းနေပါကြောင်း။ ။

# ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မြအေးအား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၈ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်စောရွှေအား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဗဟန်းလူထုအခြေပြုဗဟိုဌာန၌ ရသစာပေဖန်တီးရေးဖွဲ့ခြင်းသင်တန်း ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး ရသစာပေနှင့်နီးစပ်မှုရှိစေရန်နှင့် စာဖတ်ဝါသနာပါသည့် ဝန်ထမ်းများဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ ရသစာပေဖန်တီးရေးဖွဲ့ခြင်းသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ယနေ့နံနက် ၁၀ နာရီတွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းပို့ချမည့်ဘာသာရပ်များနှင့် ပတ်သက်၍ သင်တန်းနည်းပြဆရာ အမျိုးသားစာပေဆုရှင် စာရေးဆရာမောင်ခြိမ့်က ရှင်းလင်းပြောကြားသည်။ အဆိုပါ ရသစာပေ ဖန်တီးရေးဖွဲ့ခြင်းသင်တန်းကို အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရုံးတက်ချိန်မထိခိုက်စေဘဲ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။



ယခုသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

❒ ရှေ့ဖုံးမှ

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင် ဖြစ်ပါကြောင်း၊ အားကစားသည် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထားအရပ်ပါ မြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့် သာမက နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ အဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့ပြီဟုလည်း ပြောကြားလိုပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ၊ အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ များစွာရှိနေသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါ မပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်းရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်ပွားသူအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း၊ သန်းပေါင်း ၁၃၀၀ ခန့်ရှိသည်ဟု ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ၂၀၁၉ ခုနှစ်ကြားဖြတ် လူဦးရေ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ လူဦးရေ ၅ ဒသမ ၉၆၈ သန်းကျော်သည် မသန်စွမ်းသူများ ဖြစ်ကြသည်ဟုလည်း သိရပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာမြင့်မားရေးတို့ကို အလေးထား လုပ်ဆောင်ပေးကြရန်လည်း လိုအပ်လာပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ၏ ပုဒ်မ(၃၂)၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အနေဖြင့် မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ပြုစုပျိုးထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည့် လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် တပ်ကြပ်ကြီးတင်ညိုအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

**ပါဝင်ယှဉ်ပြိုင်**

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏ အရေးသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အထူးအာရုံစိုက်အလေးထားလာသည့် အရေးကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN Para Sports Federation (APSF)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲများတွင် အားကစားသမားဦးရေ အနည်းငယ်သာ ဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစား အမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊

**စာမျက်နှာ ၄ သို့ »»»**



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှင်းလင်းတင်ပြစဉ်။



ရွှေတံဆိပ်ဆုရှင် မောင်ငြိမ်းချမ်း ကျေးဇူးတင်စကား ပြောကြားစဉ်။

- **အခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းရှစ်နည်းထဲတွင် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ် ၁၅ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ် ၂၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘော အားကစားနည်းများမှ ကြေးတံဆိပ် ၁၉ ခုရရှိခဲ့**
- **ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆုရရှိသူတစ်ဦး အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားသမား ၆၉ ဦးဖြင့် ရွှေတံဆိပ် ၁၄ ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက် ရပ်တည်မှု အဆင့်(၆) ရရှိခဲ့သည်ကို တွေ့ရပြီး ယခု (၁၂)ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ရှစ်နည်း၊ အားကစားသမား ၈၂ ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ **ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ဆုတံဆိပ် ၅၆ ခုရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်(၆) ရရှိခဲ့ပါကြောင်း။**

အဆိုပါ ပြိုင်ပွဲမှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်သည်ဟု မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုပါကြောင်း။

**ဝမ်းမြောက်ဂုဏ်ယူ**

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ရှစ်နည်းထဲတွင် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်းတို့မှ ရွှေတံဆိပ် ၁၅ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမအားကစားနည်းတို့မှ ငွေတံဆိပ် ၂၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘောအားကစားနည်းများမှ ကြေးတံဆိပ် ၁၉ ခုရရှိခဲ့ပါကြောင်း၊ ငွေတံဆိပ်ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အလားတူ ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက်(ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား စုစုပေါင်း ရှစ်နိုင်ငံတို့မှ အားကစားသမား ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ထည့်သွင်းချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှုသည်လည်း လူတစ်ဦးချင်းစီအတွက် အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ထည့်သွင်းကျင်းပမှု မရှိခဲ့ခြင်းကြောင့် အဖွဲ့ချုပ်က ဖိတ်ခေါ်ပြိုင်ပွဲအနေဖြင့် အားဖြည့်ဆောင်ရွက်သည့် ပြိုင်ပွဲဟု သိရပါကြောင်း။

ဆုတံဆိပ်များဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ကာ နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများဖြစ်ကြသည့်အပြင် နိုင်ငံအလိုက် ထိုက်သင့်သည့်အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပြိုင်ပွဲအောင်မြင်စေရေးအတွက် ပံ့ပိုးကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း ဆက်လက်အားပေးချီးမြှောက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကလည်း မိမိတို့၏ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း **"မသန်လည်းလူ သန်လည်းလူ စွမ်းဆောင်မှုသာ အဓိက"** ဆိုသည့် အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အားကစားသမားများကို မြန်မာလူမျိုးတို့၏ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မွေးမြူပြီး ဆက်လက်လေ့ကျင့်သွားစေရေး တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားမောင်မယ်များ အနေဖြင့်လည်း လာမည့်အားကစားပြိုင်ပွဲများ၌လည်း ယခုထက်ပိုမိုအောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်၊ စည်းကမ်းတို့ဖြင့် ရေကုန်ရေခန်း ဆက်လက်အားထုတ်ကြိုးပမ်းကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကူးအားကစားနည်းတွင် ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ်အားကစားနည်း မီတာ ၈၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် မောင်လင်း၊ သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် တပ်ကြပ်ကြီး တင်ညို၊ သံလုံးပစ်ပြိုင်ပွဲနှင့် သံပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုနှင့် လှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် မထက်ထက်အေး၊ သံလုံးပစ်ပြိုင်ပွဲနှင့် လှံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သည့်မစိန်ဖော့၊ ပြေးခုန်ပစ်အားကစားနည်း မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု ရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ရေကူးအားကစားနည်း မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်မင်းထူး၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်အောင်ဘုန်းမြတ်၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည့် ဒုတိယတပ်ကြပ် ရဲမင်းစိုး၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြေးခုန်ပစ်အားကစားနည်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မဝေဝေသင်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မလော်လာဝင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ လှံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်စည်သူထက်၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ်နှစ်ခု ရရှိခဲ့သည့် မငြိမ်းစန္ဒာအောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ညီနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများ ကိုယ်စား ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည့် အားကစားသမား တပ်ကြပ်စိုးပေနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**စာမျက်နှာ ၅ သို့ »»»**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင် ဦးဆောင်သည့်အဖွဲ့အား ယနေ့ နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ စားရေရိက္ခာ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိသည့်အခြေအနေ၊ မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း မိခင်နှင့်ကလေးကျန်းမာရေးအတွက် အကူအညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေတက္ကသိုလ်သို့ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုသို့ကြည့်ရှုအားပေးနေစဉ်အတွင်း ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လူ၊ စက်ယန္တရားများအသုံးပြု၍ ဦးစားပေးအဆင့်အတန်း သတ်မှတ်ကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေတက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေးစဉ်။

## ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကြက်ကိုင်းတန်ကျေးရွာ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ သားဖွားမီးယပ်၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး၊ ခွဲစိတ်၊ အရေပြား၊ စိတ်ရောဂါ၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကလေးနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိပြီး မြန်မာ့တိုင်းရင်းဆေးများဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့နယ် အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူလူထုအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ မြန်မာ့တိုင်းရင်းဆေးများဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးစဉ်အတွင်း ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ စစ်တွေမြို့နယ် ရွှေမင်းဂံဆိပ်ကမ်းသို့ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့သည့်သစ်ပင်များမှ သစ်မြစ်ဆုံများကို ပန်းပုအတတ်ပညာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ရန် CHARITES သင်္ဘောအပြန်ခရီး၌ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သွားမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၊ MyTel၊ Atom Myanmar နှင့် Ooredoo Myanmar မှ တာဝန်ရှိသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

## ရာနှုန်းပြည့်နီးပါး ပြန်လည်ကောင်းမွန်

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးစနစ်များ ထိခိုက်ပျက်စီးခဲ့မှုများကို အချိန်တိုအတွင်း ရာနှုန်းပြည့်နီးပါး ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု၊ ထိုသို့ပြန်လည်ပြင်ဆင်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် မူလအနေအထားထက် ပိုမိုကောင်းမွန်သော နည်းပညာ၊ စက်ပစ္စည်း၊ အစားထိုးတပ်ဆင်ပေးရန်လိုအပ်မှု၊ အော်ပရေတာများက မုန်တိုင်းသင့်ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လူမှုရေးစသည့်ကဏ္ဍများတွင် Corporate Social Responsibility–CSR အစီအစဉ်ဖြင့် WiFi၊ Internet စနစ်များကို အခမဲ့တပ်ဆင်၍ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုများနှင့် မုန်တိုင်းဒဏ်သင့်ဒေသများအတွင်း ဆက်သွယ်ရေးကောင်းမွန်စေရန် အချိန်တိုအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ **သတင်းစဉ်**

---

»»» **စာမျက်နှာ ၄ မှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများ၌ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့် အုပ်ချုပ်သူများအား မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀ စီ ပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေ အနေဖြင့် ငွေကျပ် ၁၂၂၉၅ သိန်းဖြစ်ကြောင်းနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၇၀ ၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ နည်းပြများနှင့်အုပ်ချုပ်သူများကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှုစုစုပေါင်းမှာ ငွေကျပ် ၁၂၈၀၅ သိန်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး



တာချီလိတ် ဇွန် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် မေ ၈ ရက်တွင် မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ် အာခါဈေးလမ်း အမှတ်(၂၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဌာနချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ယနေ့တွင် နယ်မြေခံတပ်ညှိရိပ်သာ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို စစ်ဆေးသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များ ကိုင်ဆောင်ထားသည့် သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို နိုင်ငံသားစိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးသက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်၊ အချိုးကျကိုယ်စားပြုစနစ် (PR)ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် မိမိပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ပြည်နယ်ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရရှိရေး ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် ပါတီတာဝန်ရှိသူများက ပါတီ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦး၊ ဦးခင်မောင်ဦးနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ နာယက ဦးမင်းညို၊ ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဦးကိုကိုနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် တရုတ်-အာဆီယံယဉ်ကျေးမှုဖိုရမ်သို့ တက်ရောက်ရန် ရန်ကုန်မြို့မှထွက်ခွာ



နေပြည်တော် ဇွန် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၁၈)ကြိမ်မြောက် တရုတ်-အာဆီယံ ယဉ်ကျေးမှုဖိုရမ် (18th China- ASEAN Culture Forum)သို့ တက်ရောက်ရန် ယနေ့နံနက် ၁၁နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်(၂၀၂၃)သို့ တက်ရောက်




နေပြည်တော် ဇွန် ၁၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယမန်နေ့နံနက်ပိုင်းက စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် ၂၀၂၃(SPIEF'23)တတိယနေ့ အခမ်းအနားသို့ တက်ရောက်သည်။


**တက်ရောက်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် Role of the Nuclear Industry in "Achieving Technological Sovereignty and Technologies of the future "ခေါင်းစဉ်ဖြင့် ကျင်းပသည့် မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက Nuclear Industry သည် Technological Sovereignty ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန်နှင့် အနာဂတ် နည်းပညာဖွံ့ဖြိုးတိုးတက်လာရေးတို့တွင် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်ကြောင်း၊ Nuclear Industry သည် သိပ္ပံပညာရပ်များတွင် တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို ကျော်လွှားရန်အတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ Nuclear Technology ကို ဓာတ်အားထုတ်လုပ်သည့် နေရာတွင်သာမက အခြားကဏ္ဍများတွင်လည်း အသုံးချဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံများ၏ Safety နှင့် Efficiency တိုးတက်မြင့်မားလာမှုသည် ရေရှည်အသုံးပြုနိုင်မှုကို မြှင့်တင်ပေးနိုင်သကဲ့သို့ ဆေးပညာ၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အာကာသသို့ သွားရောက်စူးစမ်းရှာဖွေမှု စသည့်ကဏ္ဍအမျိုးမျိုးတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ကင်းစင်သည့် Global Economy အတွက် ယနေ့ Fossil Fuel အပေါ် မှီခိုနေသည့် ကဏ္ဍအားလုံးတွင် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့ချသွားရန်လိုကြောင်း၊ ယင်းအခြေအနေကို ရောက်ရန်အတွက် Nuclear Energy သည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ Nuclear Energy သည် ရေအားပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံး ကာဗွန်ဒိုင်အောက်ဆိုက် မထုတ်လွှင့်သည့် စွမ်းအင်အရင်းအမြစ်ဖြစ်ကြောင်း၊ Technological Sovereignty ရရှိရန်အတွက် Nuclear Industry မှာ သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ကြောင်း၊ မျိုးဆက်သစ်သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အတတ်ပညာရှင်များကို ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ နျူကလီးယား သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် အသိပညာနှင့် စွမ်းဆောင်ရည်များကို လူငယ်များအား ဖြည့်ဆည်းပေးခြင်းအားဖြင့် စဉ်ဆက်မပြတ်တိုးတက်နေသည့် အနာဂတ်ဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ Nuclear Power ကို လက်ခံယုံကြည်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အနာဂတ်မျိုးဆက်သစ် ပညာရှင်များကို ပျိုးထောင်ပေးခြင်းအားဖြင့် Nuclear Industry ၏ နည်းပညာဆိုင်ရာ အလားအလာများကို ဖော်ထုတ်ရယူနိုင်မည်ဖြစ်သည့်အတွက် သာယာဝပြောပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်နေသည့် Technological Sovereignty ရှိသည့် အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nova Wind JSC နှင့်အတူ System Operator of the United Power System, Joint –stock Company ၏ Chairman of the Management Board, Mr. Ferdor Opadchiy နှင့် တွေ့ဆုံ၍ ဓာတ်အားစနစ် တည်ငြိမ်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် Power System Planning အပိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် တက်ရောက်



**နေပြည်တော် ဇွန် ၁၇**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် (26th St. Petersburg International Economic Forum)သို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားပတ်ဝန်းကျင်ဆိုင်ရာဌာန အထွေထွေညွှန်ကြားရေးမှူး မစ္စတာ ဒန်းနစ်ဘတ်စေးအိဗ်နှင့် အဖွဲ့အား ယမန်နေ့နံနက်ပိုင်းက တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား လူ့ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ထိခိုက်စေသော သက်ရောက်မှုများကို တားဆီးရန်၊ စွမ်းအင်ထုတ်လုပ်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန်၊ မြူနီစပယ်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံရှိ စွန့်ပစ်ပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းဆိုင်ရာ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အိုင်ဗီယန် ဗီတိုရိုဗစ်ရှ် ပိုလီရာကော့ဗ်နှင့် ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ်ဒ် တက်ဘ်ဘုန်းတို့က အဖွင့်မိန့်ခွန်း ပြောကြားကြပြီး ရုရှားနိုင်ငံနှင့် ကမ္ဘာ့မျက်မှောက်ရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၃၀ မှ ဧည့်သည်တော်ပေါင်း ၁၇၀၀၀ ကျော် တက်ရောက်ကြသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများကို အဓိကထားဆွေးနွေးသည့် အစီအစဉ်တစ်ခုဖြစ်ကာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေ့အကျင့်ကောင်းများနှင့် ကျွမ်းကျင်မှုများကို ဖလှယ်ရန်၊ ရုရှားဖက်ဒရေးရှင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား လက်တွေ့ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အမြင်ချင်းဖလှယ်ခြင်းဖြင့် အပြန်အလှန် အကျိုးကျေးဇူးရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**တက်ရောက်**

(၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ် ၂၄ဦးပါဝင်တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် စီးပွားရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်ကြီး ဦးဆောင်ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန် ပါရဂူကြီးများက ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ အခမဲ့စမ်းသပ်ကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်း ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သီတဂူဆရာတော်ကြီးထံ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**အခမဲ့ကုသပေး**

ထိုကဲ့သို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး မျက်စိဝေဒနာရှင် ၁၇၂၈ ဦးကို အခမဲ့ကုသပေးခဲ့ကာ ၎င်းတို့အနက် ခွဲစိတ်ကုသပေးရန်လိုအပ်သူ ၃၂၃ ဦးရှိကြောင်းနှင့် လာရောက်ဆေးကုသမှုခံယူသူများအား စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စေတနာသွေးလှူရှင်များနှင့် ပြည်သူများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇွန် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ပြင်ပမှ စေတနာသွေးလှူရှင်များသည် ယနေ့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီ၊ မကွေး၊ ကချင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ကြီးများရှိ သွေးဌာနများ၊ အထွေထွေရောဂါကုဆေးရုံများ၌ ဇွန် ၁၄ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းကြရာ နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအောင်ကျော်ထွန်းနှင့် ဗိုလ်မှူးချုပ် လူမွန် တို့ သွားရောက်ကြည့်ရှုအားပေးသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် နေပြည်တော်တွင် ၅၄ ဦး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် သွေးလှူရှင် စုစုပေါင်း ၅၀၅ ဦးတို့က ပါဝင်လှူဒါန်းခဲ့ပြီး အဆိုပါ သွေးလှူဒါန်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနကြီးမှူးများ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း သွေးလှူဒါန်းခြင်း လှုပ်ရှားမှုများကို လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုအကြိမ်မှာ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းခဲ့ပြီး သွေးအိတ်ပေါင်း ၁၀၀၀၀ ကျော်ကို အရေးပေါ်သွေးလိုအပ်သူများနှင့် ဆေးကုသမှုများတွင် အသုံးပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်မြင်သံကြား(ရန်ကုန်)တွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး
# သုဝဏ္ဏဘောလုံးကွင်းတွင် မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဂီတအသင်း(MUSIC FC)အသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

ရန်ကုန် ဇွန် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက မြန်မာ့ရုပ်မြင်သံကြား(ရန်ကုန်)တွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပသည့် မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မေ ၁၄ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြန်မာ့ရုပ်မြင်သံကြား (ရန်ကုန်)ရှိ ပင်မအဆောက်အအုံမှ ခေါင်မိုးသွပ်များ ပြုတ်ထွက်ပျက်စီးခဲ့မှုအပေါ် အမြန်ရှင်းလင်း၍ ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

## သုံးသပ်ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို-အေတွင် နိုင်ငံတော်သံစုံတီးဝိုင်းအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အခြားနိုင်ငံများမှ သံစုံတီးဝိုင်းများ တီးခတ်ဖျော်ဖြေတင်ဆက်မှုဗီဒီယိုဖိုင်ကို စုပေါင်းကြည့်ရှု၍ ဖွဲ့စည်းလေ့ကျင့်မှုနှင့် ဖျော်ဖြေတင်ဆက်မှုများအား သုံးသပ်ဆွေးနွေးပြီး အကြံပြုတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဧည့်ပရိသတ်များနှင့်အတူ မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ ပြန်လည်ထူထောင်ရေးတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ကူညီနိုင်ရန် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ ပူးပေါင်းကျင်းပပြုလုပ်သည့် ရန်ပုံငွေဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဒုတိယနေ့သို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဘောလုံးပြိုင်ပွဲ တတိယလုပွဲ မစတင်မီ ပါဝင်ယှဉ်ပြိုင်ကြမည့် FOREVER FC အသင်းနှင့် OLD STAR FC တို့မှ နှစ်ဖက်အသင်းသားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်တို့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ပန်းစည်းများပေးအပ်ကြသည်။

ထို့နောက် တတိယလုပွဲကို ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်ရယူရာ OLD STAR FC အသင်းက ငါးဂိုး-လေးဂိုးဖြင့် FOREVER FC အသင်းကို အနိုင်ရရှိခဲ့သည်။

## ပန်းစည်းများပေးအပ်

ယင်းနောက် ဗိုလ်လုပွဲကိုကျင်းပရာ ပြိုင်ပွဲမစတင်မီ ပါဝင်ယှဉ်ပြိုင်ကြမည့် ရုပ်ရှင်အသင်း(MOVIE FC)နှင့် ဂီတအသင်း(MUSIC FC)အသင်းတို့မှ နှစ်ဖက်အသင်းသားများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ပန်းစည်းများပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကစားကြရာ ဂီတအသင်း(MUSIC FC)က နှစ်ဂိုး-တစ်ဂိုးဖြင့် ရုပ်ရှင်အသင်း(MOVIE FC)ကို အနိုင်ရရှိခဲ့သည်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်မြင်သံကြား(ရန်ကုန်)မှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် သိန်း ၃၀၀ နှင့် စီးပွားရေးလုပ်ငန်းရှင်များက ငွေကျပ် သိန်း ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အသန့်ရှင်းဆုံးဆုရရှိသည့် FOREVER FC အသင်းနှင့် တတိယဆုရရှိသည့် OLD STAR FC အသင်းတို့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းကလည်းကောင်း၊ ဂိုးသွင်းအများဆုံးဆုရရှိသည့် ဂီတအသင်း(MUSIC FC)မှ ကျောနံပါတ်(၁၃) အာကာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရုပ်ရှင်အသင်း(MOVIE FC)ကို ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဂီတအသင်း(MUSIC FC)အသင်းကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဘောလုံးပွဲမစတင်မီနှင့် ခေတ္တရပ်နားချိန်အတွင်း နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် အိမ့်ချစ်၊ ချယ်ရီသင်း၊ ဂျင်းနီ၊ အစ္စဏီ၊ ရာဝန၊ ICE COLD၊ မိဖူး၊ နေလင်းကျော်၊ ဆိုတေး၊ Dဖြိုး၊ ဟန်သီနှင့် မီးနိုတို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲမှ အလှူငွေကျပ် ၉၅၅ သိန်း ၅ သောင်းရရှိပြီး ရရှိသောအလှူငွေများကို မိုခါမုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေး

မော်လမြိုင် ဇွန် ၁၇

မော်လမြိုင်မြို့နယ်တွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် မူးယစ်ဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဝင်း၊ မော်လမြိုင်မြို့နယ် ဒုတိယမြို့နယ်ဥပဒေအရာရှိဦးမင်းထိုက်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်နှင့် အမှတ်(၃၈) မူးယစ်တပ်ဖွဲ့စု (မော်လမြိုင်) ဒုတိယတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ဆန်းဝင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသပေးပြီး အသိပညာပေးသတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အေးသာယာစက်မှုဇုန်နှင့် မွေးမြူရေးဇုန်ရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**တောင်ကြီး ဇွန် ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စက်မှုလုပ်ငန်းရှင်များအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲနှင့် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ တင်ပြပေးကြရန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အေးသာယာစက်မှုလုပ်ငန်းရှင်များက မိမိတို့တွေ့ကြုံနေရသည့် လုပ်ငန်းနှင့်ပတ်သက်သော အခက်အခဲများဆောင်ရွက်ပေးနိုင်ရန် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ချက်ချင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အေးသာယာစက်မှုဇုန်ရှိ နယူးလိုက်စက်ရုံတွင် ဆိုင်ကယ်ဖင်ထိုင်ခုံနှင့် ပလတ်စတစ်ဆီပုံးလုပ်ငန်း ထုတ်လုပ်နေမှု၊ ပြည်လုံးချမ်းသာ တိုင်းရင်းဆေး ထုတ်လုပ်နေမှု၊ ငွေတောင်ဆီစက်ရုံနှင့် တွင်ခုံလုပ်ငန်း ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းရိုးမမွေးမြူရေးဇုန်သို့သွားရောက်ရာ မွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမတွင် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြတ်ဟိန်းအောင်က ရှမ်းရိုးမမွေးမြူရေးဇုန်နှင့် ပတ်သက်၍ ရှင်းလင်းပြီး တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းရှင်များက ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးအတွက် ဥစားကြက်အစာနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွေးမြူရေးဇုန်ရှိဦးစိုင်းလုံ၏ အအေးခန်း ဥစားကြက် မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့နှင့် မြေသြဇာများ ထောက်ပံ့ပေးအပ်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့်စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ စိုက်ပျိုးရေးသိပ္ပံ(ဘားအံ)ကျောင်း ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသိပ္ပံ (ဘားအံ)တွင် တွဲဖက်ဖွင့်လှစ်ထားသော မွေးမြူရေးဒီပလိုမာသင်တန်းကျောင်း၏ နွားမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးခြံ၊ ကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့သည်။

ဆက်လက်၍ ယင်းနေ့ နံနက် ၈ နာရီက မိုးကြိုထယ်ရေး စုပေါင်းထွန်ယက်ပွဲကို ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ ကွင်းအမှတ် ၁၁၈၈(က) နောင်ခရိုင်ကွင်းရှိ တောင်သူဦးနေလင်းထွေး၏ လယ် ၁၀ ဧက၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း၍ စိုက်ပျိုးလုပ်ကိုင်သွားကြရန်လိုကြောင်း၊ လူဦးရေတိုးပွားလာသော်လည်း စိုက်ဧကများတိုးပွားလာခြင်းမရှိသည့်အတွက် သီးထပ်သီးညှပ်များဖြင့် နှစ်သီးစားမှ သုံးသီးစားထိတိုးချဲ့စိုက်ပျိုး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်လာအောင် စိုက်ပျိုးလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးလုပ်ကိုင်ကြရာတွင် အလျဉ်မီစေရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရန် လိုအပ်လာကြောင်း၊ မျိုးစပါး၊သွင်းအားစု၊ စိုက်နည်းစနစ်၊ ယန္တရားလိုအပ်ချက်များကို မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဘားအံခရိုင်အုပ်ချုပ်ရေးမှူးတို့က ရဲသာ(ကမော့ကစင်)၊ ကော့ကူး၊ ခရစ်၊ နောင်ခရိုင်၊ ကော့မရမ်း၊ တော်ပုံကျေးရွာတို့မှ မျိုးစေ့ထုတ်တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ ထုတ်လုပ်သော မျိုးသန့်မျိုးပွားမျိုးစေ့(RS) တင်း ၅၀၊ ယူရီးယားဓာတ်မြေသြဇာ အိတ် ၅၀ နှင့် သဘာဝမြေသြဇာ အိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ဘားအံမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀) စက်မှုလယ်ယာစခန်းမှ ထွန်စက်ကြီးခြောက်စီးနှင့် တောင်သူများ၏ လက်တွန်းထွန်စက်ငယ်များဖြင့် မိုးကြိုထယ်ရေးစုပေါင်းထွန်ယက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာများမှတောင်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ နောင်ခရိုင် ရေဂူကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဂူနှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ အများပြည်သူ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေအနားယူနိုင်ရေး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ချောင်းဆုံမြို့နယ်ရှိ မိုးစပါးစိုက်တောင်သူများအား မျိုးစပါးထောက်ပံ့ခြင်းနှင့် ပိုက်ဆံလျှော် (သစ်စိမ်း) မြေသြဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ချောင်းဆုံ ဇွန် ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အတွင်းဒေသတွင်းဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက် တောင်သူများအား မျိုးစပါးထောက်ပံ့ခြင်းနှင့် ပိုက်ဆံလျှော်(သစ်စိမ်း) မြေသြဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၈ နာရီက ဒေါင်းရပ် အရှေ့ကျေးရွာကွင်းအမှတ်(၆၄၆)လယ်မြေတွင် ကျင်းပသည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်နယ်တစ်ဝန်း ဆန်စပါးပေါ်ကြွယ်ဝစွာ စိုက်ပျိုးပြီး ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများ၊ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး မြို့တစ်မြို့လျှင် အနည်းဆုံးဒေသထုတ်ကုန် တစ်ခု ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစိုးရအဖွဲ့က ပံ့ပိုး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်လွင်က ၂၀၂၃ ခုနှစ် မိုးစပါး စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ပြီးနောက် တောင်သူများအား တာဝန်ရှိသူများက မျိုးစပါးနှင့် သဘာဝမြေသြဇာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က တောင်သူ ၁၅ဦး၏ လယ်ဧက ၅၀ အတွင်း မြေဆီလွှာဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးထားသည့် ပိုက်ဆံလျှော် (သစ်စိမ်း) မြေသြဇာ ထယ်ထိုးမြေမြှုပ်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မုံရွာမြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ကန်သာယာကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးသစ်မုဒ်ဦးတည်ဆောက်နေမှုနှင့် နွေရာသီတွင် ရေခန်းခြောက်မှု မဖြစ်ပေါ်စေရေးအတွက် ရေဂါလန် ၃၇ ဒသမ ၆၅ သန်း သိုလှောင်နိုင်မည့်လယ်တီကန်ကို အကျယ် ၈ ဒသမ ၂ ဧက၊ အနက် ၁၁ပေ ပြန်လည်တူးဖော်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် အနောက်ဘက် ကန်သာယာကန်အတွင်း နွေရာသီရေလိုအပ်ချိန်တွင် ချင်းတွင်းမြစ်မှရေတင်ကာ ဆိုလာတစ်ချပ်လျှင် ၅၄၅ ဝပ်၊ ဆိုလာချပ်ရေ ၁၈၀ မှ စုစုပေါင်း ကီလိုဝပ် ၁၀၀ ထွက်ရှိမည့် ဆိုလာချပ်များတပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွေ့ကြီးရပ်ကွက်ရှိ ရေစုကန် ၁၆ ကန် စုစုပေါင်းအကျယ် ၄၄ ဒသမ ၂၉ ဧကကို ပြန်လည်တူးဖော်၍ တာဘောင်ဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၂)

ထက်မြတ်

(ဇွန် ၁၆ ရက်မှအဆက်)

ဒီလို သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ဒေသတွေအဖြစ် ကြေညာပြီး မရှေးမနှောင်းမှာပဲ မေလ ၁၈ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၃၄/၂၀၂၃ ကို ထုတ်ပြန်လိုက်ပါတယ်။

အဲဒီထုတ်ပြန်ချက်ရဲ့ အကြောင်းအရာကတော့ ကြေညာခဲ့ပြီးတဲ့ သဘာဝဘေးဒဏ်သင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ဒုတိယဗိုလ်ချုပ်ကြီးသုံးဦး၊ ဗိုလ်ချုပ်သုံးဦး၊ ဗိုလ်မှူးချုပ် ၁၂ ဦး ပါဝင်တဲ့ တပ်မတော်အရာရှိကြီးများ အဖွဲ့ကို သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ဒေသအဖြစ် သတ်မှတ်ထားတဲ့ မြို့နယ် ၂၁ မြို့နယ်သို့ အဆိုပါဒေသမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေနဲ့ အနီးကပ်ကူညီပံ့ပိုး ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် တာဝန်ခွဲဝေစေလွှတ်ပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီတပ်မတော် အရာရှိကြီးတွေရဲ့ အထက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အနီးကပ်ကြီးကြပ်သွားဖို့ကိုလည်း အဆိုပါထုတ်ပြန်ချက်ထဲမှာ ပူးတွဲဖော်ပြထားပါတယ်။

အခုလိုမျိုး တပ်မတော်အရာရှိကြီးတွေကို မုန်တိုင်းဒဏ်သင့်ဒေသတွေဆီ စေလွှတ်ခြင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ဖို့၊ ကယ်ဆယ်ရေးပစ္စည်းတွေ ပြည်သူလူထုလက်ဝယ်ကို အမြန်ဆုံးရောက်ရှိစေဖို့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေကို ကူညီနိုင်ဖို့ စေလွှတ်ခဲ့ခြင်းသာဖြစ်ပါတယ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းဒဏ်သင့်ဒေသရှိ ကလေးငယ်များ မိုးလုံလေလုံဖြင့် စာသင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုဝန်ကြီးတွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးတွေနဲ့အတူ မေလ ၁၈ ရက်နေ့နဲ့ ၁၉ ရက်နေ့တို့မှာ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်မြို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည် ထူထောင်ရေးဆောင်ရွက်ရမယ့် လုပ်ငန်းတွေအပေါ် စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် မုန်တိုင်းဒဏ်ကြောင့် ၎င်းဒေသရှိ တပ်ရင်း/တပ်ဖွဲ့တွေမှာလည်း ထိခိုက်ပျက်စီးခဲ့မှုတွေ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အမြန်ဆုံး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မေလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်တို့သို့လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မေလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ စစ်တွေ၊ ကျောက်ဖြူမြို့တို့သို့လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက မေလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ကျောက်ဖြူမြို့နယ်တို့သို့လည်းကောင်း သွားရောက်ပြီး အဆောက်အအုံ ထိခိုက်ပျက်စီးမှုတွေ ပြန်လည်ပြင်ဆင်ဖို့အတွက် စီမံဆောင်ရွက်ခြင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုတွေကို တွေ့ဆုံအားပေးခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်တဲ့ အစိုးရအဖွဲ့က သဘာဝဘေးဒဏ်သင့် ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ပြီးစလွယ်ဆောင်ရွက်ခြင်းမရှိဘဲ နယ်ပယ်အစုံ မကျန်ရလေအောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့ လုပ်ဆောင်ခဲ့တယ်ဆိုတာကို မြင်တွေ့ရပါတယ်။

### ကနဦးစာရင်းကောက်ယူရေးကဏ္ဍ

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီရဲ့ အခန်းကဏ္ဍပါပဲ။

အဲဒီကော်မတီက သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှု လျှော့ချနိုင်ရေး အစီအစဉ်တွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့နဲ့ ချက်ချင်း၊ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်စီမံကိန်းတွေ ရေးဆွဲနိုင်ဖို့အတွက် ပျက်စီးဆုံးရှုံးမှု အခြေအနေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်စေဖို့ ရည်ရွယ်ဖွဲ့စည်းထားတာပါ။

ကော်မတီက မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်ဆိုပြီး သတင်းအတိအကျရရှိတဲ့ မေလ ၉ ရက်နေ့ကတည်းက လုပ်ငန်းစီမံချက်တွေရေးဆွဲပြီး ရွေ့လျားအဖွဲ့ ခုနစ်ဖွဲ့နဲ့ စာရင်းပြုစုအစီရင်ခံရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းကာ စစ်တွေ၊ ပုသိမ်၊ မကွေးနဲ့ ပဲခူးမြို့တို့ကို မုန်တိုင်းမဝင်မီ တစ်ရက်အလိုမှာ ရွေ့လျားအဖွဲ့တွေကို စေလွှတ်ခဲ့ပါတယ်။

အဲဒီအဖွဲ့တွေဟာ ကောက်ယူရရှိတဲ့ အချက်အလက်တွေကနေ ပညာရေး၊ ကျန်းမာရေးနှင့် သာသနိက အဆောက်အအုံတွေအတွက် လိုအပ်တဲ့ သွပ်၊ သံ၊ သစ် အရေအတွက်နဲ့ တန်ဖိုးတွေစာရင်း၊ ပျက်စီးသွားတဲ့ လျှပ်စစ်ဓာတ်တိုင်၊ ဆက်သွယ်ရေးတာဝါတိုင်တွေစာရင်းနဲ့ သေကျေပျက်စီးသွားတဲ့ တိရစ္ဆာန်တွေ၊ ငါးကန်၊ ပုစွန်ကန်တွေ ပျက်စီးမှုစာရင်း၊ အခြေခံအဆောက်အအုံ၊ ပိုင်ဆိုင်မှုပစ္စည်း (ကား၊ ဆိုင်ကယ်၊ စက်ဘီး စသဖြင့်) ပျက်စီးမှုစာရင်းနဲ့ လယ်ယာ၊ သားငါးကဏ္ဍတို့ရဲ့ ပျက်စီးမှုစာရင်းတွေကို ပြုစုပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) သို့ နေ့စဉ်တင်ပြခဲ့ပါတယ်။

စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ဟာ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု စာရင်းတွေကို နှစ်ကြိမ်ကောက်ခံခဲ့ပြီး အထက်မှာဖော်ပြခဲ့တဲ့ စာရင်းတွေက ဒုတိယအကြိမ် စနစ်တကျကောက်ခံရရှိတဲ့စာရင်းတွေဖြစ်ကာ သက်ဆိုင်ရာတာဝန်ရှိသူတွေထံ အချိန်နဲ့တစ်ပြေးညီ တင်ပြခဲ့ကြတာပါ။

အခုဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှုအခြေအနေတွေကို ကဏ္ဍအလိုက်ခွဲပြီး ဖော်ပြသွားပါမယ်။

### ပညာရေးကဏ္ဍအတွက် ဆောင်ရွက်မှု

နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်တာကြောင့် အထူးပဲ အရေးကြီးလှပါတယ်။ ပညာတတ်တွေပေါ်များမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အပံ့ကောင်းတွေဖြစ်စေမှာပါ။

ဒီအချက်ကို နိုင်ငံတော်အကြီးအကဲတွေက ကောင်းစွာသဘောပေါက်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှာကြားချက်မှာ **"ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းတက်ရေး"** မူဝါဒကို အလေးထားပြီး ချမှတ်ဆောင်ရွက်ခဲ့တာပါ။

စာမျက်နှာ ၁၁ သို့ ◆



ကျောက်ဖြူမြို့ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းအား တပ်မတော်သားများက သွပ်အမိုးများ ပြန်လည်လဲလှယ်ပေးနေစဉ်။

❖ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆေးရုံ၊ ဆေးခန်းတွေ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ၅၀၇ လုံးရှိပါတယ်။ ဒီထဲမှာမှ ဇွန်လ ၁၄ ရက်နေ့အထိ ပြန်လည်ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုရာခိုင်နှုန်းက ၆၀ ရာခိုင်နှုန်းရှိတာကိုတွေ့ရ

❖ မုန်တိုင်းစတင်တိုက်ခတ်တဲ့ မေလ ၁၄ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ ပြင်ပလူနာ ၁၈၉၃၄ ဦး၊ အတွင်းလူနာ စုစုပေါင်း ၃၅၀၁၄ ဦး၊ ဆေးရုံတက်လူနာ အသစ် ၁၃၇၁၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့

◆ စာမျက်နှာ ၁၀ မှ

ဒီနှစ်ဆိုရင် ဇွန်လ ၁ ရက်နေ့ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျောင်းတွေဖွင့်လှစ်ဖို့ သတ်မှတ်ထားတာပါ။ ကလေးငယ်တွေ ပျော်ရွှင်စွာ စာသင်ယူနိုင်ရေးဆိုတာကလည်း သင်ကြားရေးလုပ်ငန်းကို အမိုးအကာအောက်မှာသာ ဆောင်ရွက်နိုင်မှုဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်သွားချိန်မှာတော့ ပညာရေးဆိုင်ရာ အဆောက်အအုံတွေလည်း ပျက်စီးသွားခဲ့ရပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်သွားချိန်မှာ မိဘတွေနဲ့ ကျောင်းသားတွေ အထူးအစိုးရိမ်ဆုံးကိစ္စကတော့ စာသင်ကျောင်းတွေ အချိန်မီ ပြန်မဖွင့်နိုင်မှာကိုပါပဲ။ သူတို့စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲလေ။ ပျက်စီးသွားတဲ့ စာသင်ကျောင်းဆောင်တွေက နည်းမှမနည်းပဲ။

ပညာရေး အဆောက်အအုံတွေ ပျက်စီးမှုအရေအတွက်ကတော့ ဇွန်လ ၁၃ ရက်နေ့အထိ ကောက်ယူရရှိတဲ့ စာရင်းတွေအရ ရခိုင်ပြည်နယ်မှာ မူလတန်းကျောင်းအဆောက်အအုံ ၅၉၆ လုံး၊ အလယ်တန်းကျောင်း အဆောက်အအုံ ၆၄၇ လုံး၊ အထက်တန်းကျောင်း အဆောက်အအုံ ၂၉၅ လုံး၊ အဆင့်မြင့်ပညာသင်ကျောင်း အဆောက်အအုံ ကိုးလုံးဖြစ်တယ်လို့ သိရပါတယ်။ ချင်းပြည်နယ်မှာတော့ ပညာရေး အဆောက်အအုံစုစုပေါင်း ၂၉ လုံး ပျက်စီးသွားပါတယ်။

ဒီလိုပျက်စီးသွားတဲ့ စာသင်ကျောင်းတွေဟာ အနာဂတ်ခေါင်းဆောင်လောင်းတွေ ပညာသင်ယူရာနေရာတွေဖြစ်တာကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဗဟိုဌာနမှ တာဝန်ရှိသူတွေ၊ ပြည်နယ်တွေက ကြီးကြပ်ရေးအဖွဲ့တွေဟာ ပြည်သူလူထုနဲ့အတူလက်တွဲပြီး စာသင်ကျောင်းတွေ ပြန်လည်ပြုပြင်တည်ဆောက်မှုတွေကို ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင်လို့ အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြပါတယ်။

အထူးသဖြင့် ကျောင်းဖွင့်ချိန်အမီ အမြန်ပြုပြင်ဆောင်ရွက်ဖို့ လိုအပ်တဲ့ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲ ၂၉၅ ကျောင်းကို မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ


ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အသင်းချုပ်၊ မြန်မာမြို့ပြနှင့်အခြေခံ အဆောက်အဦဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းနဲ့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာ ဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေး ကန်ထရိုက်တာအဖွဲ့တွေက တာဝန်ကိုယ်စီခွဲဝေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ရာ မေလ ၃၁ ရက်နေ့အထိ ၅၁ ရာခိုင်နှုန်းပြီးစီးခဲ့ကာ ဇွန်လ ၁၄ ရက်နေ့အရောက်မှာတော့ ၇၆ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်ပါတယ်။

ဇွန်လ ၁ ရက်နေ့ရောက်ချိန်မှာ ပြင်ဆင်ဆောက်လုပ် ပြီးစီးသွားတဲ့ စာသင်ကျောင်းတွေမှာ ကျောင်းသားတွေက ပျော်ရွှင်စွာ ကျောင်းတက်လာကြသလို ပြုပြင်ဆဲနေရာတွေမှာ ကျောင်းတက်ရမယ့် သူတွေကိုလည်း အမိုးအကာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေနဲ့ အမိုးအကာရှိတဲ့ အဆောက်အအုံတွေမှာ ယာယီကျောင်းတက်နိုင်အောင် တာဝန်ရှိသူတွေက စီမံပေးနိုင်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ အမိုးအကာမရှိတဲ့အပြင် စာသင်ကျောင်းကလည်း ပြင်ဆင်ဆဲနေရာတွေမှာရှိတဲ့ ကျောင်းသားတွေအနေနဲ့ အချိန်မီ ကျောင်းတက်နိုင်ရေးအတွက် တာဝန်ရှိသူတွေက ယာယီအဆောက်အအုံတွေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါသေးတယ်။

ဒါကြောင့် စာသင်ကျောင်းတွေ ဖွင့်လှစ်နိုင်မှုရာခိုင်နှုန်းက ရာနှုန်းပြည့်ရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်နိုင်လိမ့်မယ်လို့ ဘယ်သူမှ မထင်မှတ်ထားပါဘူး။

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် ဇွန်လ ၁ ရက်နေ့မှာ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းတွေမှာ တက်ရောက်သူစုစုပေါင်း လေးသိန်းကျော်အထိ ရှိခဲ့တာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။


တပ်မတော်သားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အခုဆိုရင် ဇွန်လ ၁၄ ရက်နေ့အထိ စာရင်းတွေအရ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းတွေမှာ ကျောင်းအပ်နှံမှုပမာဏက ၄၉၂၀၁၇ ဦးအထိရှိလာပြီး ကျောင်းတက်ရောက် ရာခိုင်နှုန်းက ၉၉ ဒသမ ၁ ရာခိုင်နှုန်းအထိ ရှိတာကိုလည်း တွေ့ရပါတယ်။

မုန်တိုင်းတိုက်ချိန်နဲ့ စာသင်ကျောင်းတွေ ပြန်ဖွင့်မယ့်အချိန်ကြားမှာ ပြန်လည်ပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းအတွက် ရတဲ့အချိန်က အလွန်ပဲတိုတောင်းလှပါတယ်။ ဒါကြောင့်လည်း ကျောင်းသားတွေအတွက် ကျောင်းမှဖွင့်နိုင်ပါ့မလားလို့ မိဘတွေက စိုးရိမ်ခဲ့ကြတာပါ။

အခုတော့ အဲဒီအချိန်တုန်းက ဖြစ်ပေါ်ခဲ့တဲ့ မိဘတွေနဲ့ ကျောင်းသားတွေရဲ့ရင်ထဲက စိုးရိမ်ကြောင့်ကြမှုကြီးကို နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှန်ကန်တဲ့ လမ်းညွှန်မှုကြောင့် ပြည်သူလူထုအားနဲ့ ဖယ်ရှားတွန်းလှန်နိုင်ခဲ့ပြီပဲဖြစ်ပါတယ်။

## ကျန်းမာရေးကဏ္ဍ

နိုင်ငံတစ်နိုင်ငံမှာ ပညာရေးကဏ္ဍပြီးရင် ကျန်းမာရေးကဏ္ဍကလည်း အလွန်အရေးကြီးတဲ့အထဲမှာ ပါပါတယ်။ လူတစ်ယောက် ကျန်းမာရေးမကောင်းရင် အိမ်သားတွေ စိတ်မချမ်းမသာဖြစ်ရသလို ငွေကုန်ကြေးကျမှုနဲ့ ဝမ်းနည်းပူဆွေးမှုတွေ ဖြစ်ပေါ်ကာ ကုန်ထုတ်လုပ်မှုလည်း လျော့နည်းကျဆင်းစေပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးပြီးရင် ကျန်းမာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်နေတာပါ။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားတဲ့ကာလတုန်းကဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ်ခဲ့တဲ့မူဝါဒက သိပ်ကိုရှင်းလင်းပြတ်သားပါတယ်။ အဲဒီမူဝါဒကတော့ "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုတဲ့ မူဝါဒပါပဲ။

အခုလည်း မုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ မုန်တိုင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကြောင့် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေ မဖြစ်ရလေအောင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ဆောင်ရွက်မှုတွေကို တင်ပြပေးသွားပါမယ်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆေးရုံ၊ ဆေးခန်းတွေ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ၅၀၇ လုံး ရှိပါတယ်။ ဒီထဲမှာမှ ဇွန်လ ၁၄ ရက်နေ့အထိ ပြန်လည်ပြင်ဆင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုရာခိုင်နှုန်းက ၆၀ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။

ပျက်စီးဆုံးရှုံးသွားတဲ့ အဆောက်အအုံတွေကို ပြန်လည်တည်ဆောက်ရေး လုပ်ဆောင်ပေးနေသူတွေကတော့ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနဲ့ အဆောက်အဦဦးစီးဌာနတို့ပါပဲ။

ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေက ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းတွေအဖြစ် Disaster Kits အခု ၂၂၀၊ IHEK Kits ၁၁၄ ခု၊ Hygiene Kits အခု ၁၀၀၊ ရေသန့်ဆေးပြား ၂၂၂၈၀၀၀၊ ဓာတ်ဆားထုပ် ၁၄၇၀၀၀၊ အားဆေး အပြား ၅၁၅၀၀၀၀၊ Life straw community water filter အလုံး ၂၀၊ အသက်ကယ်အင်္ကျီ အခု ၇၀၀၊ Emergency Light အခု ၉၀၀ နဲ့ အိမ်သာခွက်နဲ့ အိမ်သာပိုက်အခု ၃၀၀၀ အစရှိတဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေကို ပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေနဲ့ ပြည်သူလူထုကို ဖြန့်ဝေခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

စစ်တွေမြို့ရှိ ဆေးရုံ၊ ဆေးခန်းတွေ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေနဲ့ပတ်သက်ပြီး ပြင်ဆင်ဖို့ ၅၃ လုံးရှိတဲ့အနက်မှ ၁၈-၅-၂၀၂၃ ရက်မှ ၃-၆-၂၀၂၃ ရက်အထိပြင်ဆင်ပြီး ၁၆ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံးနဲ့ ပြင်ဆင်ရန်ကျန်ရှစ်လုံးရှိပါတယ်။

လက်ရှိမှာကိုပဲ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံတွေမှာ ဆေးရုံလုပ်ငန်းတွေ ပုံမှန်လည်ပတ်လျက်ရှိပြီး ခွဲစိတ်ကုသမှုလုပ်ငန်းတွေ၊ ပြင်ပလူနာ၊ အတွင်းလူနာတွေကို လက်ခံကုသပေးတာတွေကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အခုဆိုရင် မုန်တိုင်းစတင်တိုက်ခတ်တဲ့ မေလ ၁၄ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ ပြင်ပလူနာ ၁၈၉၃၄ ဦး၊ အတွင်း လူနာစုစုပေါင်း ၃၅၀၁၄ ဦး၊ ဆေးရုံတက်လူနာ အသစ် ၁၃၇၁၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဒေသခံပြည်သူတွေကို ကျေးရွာအရောက် ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်တွေမှ အလျင်အမြန် တုံ့ပြန်ရေးအဖွဲ့ ၁၄ ဖွဲ့၊ အထူးကုဆေးအဖွဲ့ ကိုးဖွဲ့၊ ဆေးကုသရေးအဖွဲ့ နှစ်ဖွဲ့နဲ့ တိုင်းရင်းဆေးကုသမှုအဖွဲ့တို့ကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ခဲ့ရာ မေလ ၁၆ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ ပြင်ပလူနာ ၈၀၂၁၃ ဦးကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အလားတူ ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုတွေကို တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိတဲ့ တပ်မတော်သား ဆရာဝန်တွေ၊ ဆေးမှူးတွေဟာလည်း သဘာဝဘေးဒဏ်သင့်ခဲ့ရတဲ့ ဒေသတွေမှာ သွားရောက်ပြီးတော့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့ရာမှာ တပ်မတော်အကြီးအကဲရဲ့လမ်းညွှန်မှုအရ သဘာဝဘေးဒဏ် မကျရောက်မီကတည်းက ကြိုတင်စုဖွဲ့စေလွှတ်ထားတဲ့ ကူညီကယ်ဆယ်ရေးယာဉ် အစုအဖွဲ့ရှိ တပ်မတော်သား ကျန်းမာရေးဝန်ထမ်း အစုအဖွဲ့နဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) လက်အောက်ခံဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အထူးဆေးကုသရေးအဖွဲ့တို့ဟာ သဘာဝဘေးဒဏ် ကျရောက်ပြီးလျှင်ပြီးချင်းမှာပဲ ရပ်ကွက်၊ ကျေးရွာတွေဆီအရောက်သွားပြီး လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

အခုလို ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ရာမှာ မေလ ၁၇ ရက်နေ့ကနေ ဇွန်လ ၁၄ ရက်နေ့အထိ စုစုပေါင်း ဒေသခံပြည်သူ ၁၄၆၃၁ ဦးကို ဆေးကုသမှုဆိုင်ရာရောဂါ၊ ဝမ်းလျှော/ဝမ်းပျက်ရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ ထိခိုက်ဒဏ်ရာနဲ့ အခြားရောဂါတို့နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။

ကျန်းမာရေး တာဝန်ရှိသူတွေက ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ မုန်တိုင်းကျရောက်ပြီးပါက ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါတွေ ဖြစ်ပွားမှုမရှိစေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ရေတွင်းရေကန်ပေါင်း ၅၀၄၈ ခုမှာ ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေး ရောဂါအတွက် အဘိတ်ဆေးခတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးတာဝန်ရှိသူတွေက အခုလိုမျိုးတွေ ဆောင်ရွက်ပေးနေတဲ့ကြားထဲက ဝမ်းပျက်ဝမ်းလျှောရောဂါက ဖြစ်ဖြစ်အောင် ဖြစ်လိုက်ပါသေးတယ်။ အကြောင်းရင်းကတော့ တာဝန်ရှိသူတွေရဲ့ သတိပေးချက်တွေကို လျစ်လျူရှုခြင်းကြောင့်လို့ ပြောရမှာပါပဲ။

ဒီကာလဟာ သရက်သီးပေါ်ချိန်ဖြစ်တဲ့အတွက် မုန်တိုင်းသင့်ဒေသမှာရှိတဲ့ ပြည်သူတွေအနေနဲ့ သရက်သီးကို စားသုံးခြင်းမပြုဖို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်သတိပေးခဲ့ပါတယ်။

တာဝန်ရှိသူတွေရဲ့ သတိပေးမှုကို ပြည်သူအများအပြားက လိုက်နာသော်လည်း မလိုက်နာသူ လူနည်းစုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့တာ တွေ့ရပါတယ်။

ဒါပေမဲ့လည်း ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ရောဂါတွေ ဖြစ်ပွားလာပါက အလျင်အမြန်သိရှိစေရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို ဆောင်ရွက်လျက်ရှိတာကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါက ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိခဲ့တာဟာ ဝမ်းမြောက်ဖွယ်ရာပါပဲ။ (ဆက်လက်ဖော်ပြပါမည်)





# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကျောက်ဖြူမြို့အဝင် ပင်လယ်ကမ်းခြေနေရာသို့ သွားရောက်၍ ကမ်းခြေသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့နယ် အတွင်းရှိ ရပ်ကွက်များနှင့် စာသင်ကျောင်းများအား သန့်ရှင်းသာယာလှပရေး၊ အမှိုက်ရှင်းလင်းခြင်း၊ သစ်ပင်၊ ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များသယ်ယူနေခြင်း၊ ရေမြောင်းများရှိအမှိုက်များ ရှင်းလင်းခြင်းများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ထို့ပြင် ငကျဉ်တောက်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ငကျဉ်တောက်ကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့အတူ သံတွဲမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် သံတွဲခရိုင်ပြည်သူ့ဆေးရုံ ခြံဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များ၊ မြက်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သာသနာ့ဗိမာန် မြို့မဝေဠုဝန်ဘုန်းတော်ကြီးကျောင်းနှင့် ငပလီလမ်းရှိ အခြေခံပညာ မူလတန်းကျောင်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆေးဖျန်းခြင်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ မြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်း၊ အမှိုက်သရိုက်များအား အမှိုက်သိမ်းကားများဖြင့် လိုက်လံသိမ်းဆည်းခြင်း၊ သတ်မှတ်နေရာ၌ စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တပ်နယ်ခန်းမ၌ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်
ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော်-တောင်ငူ ရထားလမ်းပိုင်း၊ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအပိုင်း(၁)ဖြစ်သည့် တောင်ငူ-ညောင်လေးပင်-ပဲခူး-ရန်ကုန်လမ်းပိုင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် RBE ပြင်စက်ရုံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန်   ဇွန်   ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်-တောင်ငူ ရထားလမ်းပိုင်းအခြေအနေ၊ ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း(၁)ဖြစ်သည့် တောင်ငူ-ညောင်လေးပင်-ပဲခူး-ရန်ကုန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှု အခြေအနေနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် စက်ခေါင်းပြင်ရုံများတွင် RBE ရထားများပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် နေပြည်တော်-တောင်ငူ လက်ရှိရထားလမ်းပိုင်း အခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်း စစ်ဆေးပြီး လိုအပ်သည့်နေရာများတွင် လမ်းခင်းကျောက်များ စနစ်တကျဖြည့်သွင်းသွားရန်နှင့် တံတားနေရာများရှိ ဆွေးမြည့်နေသော သစ်သား ဇလီဖားတုံးများကို စစ်ဆေး၍ လဲလှယ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အပိုင်း(၁)ဖြစ်သည့် တောင်ငူ-ညောင်လေးပင်-ပဲခူး-ရန်ကုန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး ဘူတာများ Renovation ပြန်လည်ပြုလုပ်သည့် နေရာများတွင် ရှေးမူမပျက် အရည်အသွေးနှင့်လက်ရာလက်သား ကောင်းမွန်စေရန် စီမံကိန်းအင်ဂျင်နီယာများက စနစ်တကျကြီးကြပ်ဆောင်ရွက်ရေး၊ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အမြန်နှုန်း ကီလိုမီတာ ၁၀၀ ပြေးဆွဲနိုင်မည်ဖြစ်သည့်အတွက် တံတားလုပ်ငန်းများနှင့် အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းတစ်လျှောက် RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ Diesel Electric Multiple Unit (DEMU) ရထားများ ရောက်ရှိပြေးဆွဲချိန်တွင် လမ်းပိုင်းအတွင်း အမြန်နှုန်းကီလိုမီတာ တိုးမြှင့်ပြေးဆွဲရန် စီစဉ်ထားသဖြင့် ရထားလမ်းပြုပြင်ထိန်းသိမ်းရာ၌ Maintenance Manual အတိုင်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်၊ DEMU ရထားများပြေးဆွဲပါက ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ဘူတာပလက်ဖောင်းများကို Level မြှင့်တင်ဆောင်ရွက်ရန်၊ လက်ရှိလမ်းပိုင်းအတွင်း ပြေးဆွဲနေသည့် ရထားတွဲများ သန့်ရှင်းသပ်ရပ်စေရေး အလေးထား ဆောင်ရွက်ရန်၊ Electronic Interlocking နှင့် Relay Interlocking အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ပြီးစီးသည့်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် ရထားလမ်းလုံခြုံအန္တရာယ်ကင်းရှင်းရေးအတွက် ခြံစည်းရိုးများ နှစ်အလိုက် ဦးစားပေး ကာရံသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် RBE အကြီးတန်း ပြင်စက်ရုံ(ရန်ကုန်)၊ ကားရထားစက်ရုံ (ပုဇွန်တောင်) နှင့် အင်းစိန်မြို့ပတ်(ဒီဇယ်)စက်ခေါင်းစက်ရုံတို့တွင် ပြုပြင်ပြီး RBE ရထားတွဲများနှင့် ပြုပြင်ဆဲ RBE ရထားတွဲများကို သွားရောက်စစ်ဆေးပြီး Public Transportation အတွက် အသုံးပြုသည့် RBE ရထားတွဲများ ပြုပြင်ရာတွင် Engine၊ Transmission နှင့် Under Gear ပိုင်း ပြုပြင်ခြင်း၊ ဘော်ဒီဆေးမှုတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားရန်၊ RBE ရထားတွဲများ ပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျကောင်းမွန်အောင် ပြုပြင်ရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

# ဟွာဝေးနှင့် ဇက်တီအီးတို့၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပိတ်ပင်သည့် ဥရောပကော်မရှင်ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံရှုတ်ချ




ပေကျင်း   ဇွန်   ၁၇

တရုတ် မိုဘိုင်းဖုန်းကုမ္ပဏီများဖြစ်သည့် ဟွာဝေးနှင့် ဇက်တီအီးတို့သည် ဥရောပနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်စေသည်ဟူသော စွပ်စွဲချက်ကို အထောက်အထားမဲ့စွာ ကျိုးကြောင်းဆီလျော်မှုမရှိဘဲ ဥရောပကော်မရှင်က စွပ်စွဲခဲ့ကြောင်းနှင့် ၎င်းစွပ်စွဲချက်ကို ရှုတ်ချကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝန်ဘင်းက ပြောကြားခဲ့သည်။

ဟွာဝေးနှင့် ဇက်တီအီးတို့၏ ဆက်သွယ်ရေး ဝန်ဆောင်မှုများသည် ဥရောပနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်စေသဖြင့် ပိတ်ပင်ကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့ပြီး ယခုကဲ့သို့ ပိတ်ပင်ခြင်းကိုရှုတ်ချကြောင်း တရုတ်နိုင်ငံဘက်မှလည်း အပြန်အလှန် ပြောကြားခဲ့သည်။ ၎င်းမိုဘိုင်းဖုန်းကုမ္ပဏီများသည် ဥရောပဒေသတွင် နှစ်ပေါင်းများစွာလုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် ဥရောပနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်စေရေး မပြုလုပ်ခဲ့ကြောင်းနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများသည် ဥရောပဒေသ၏ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကဏ္ဍကို တိုးတက်စေခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ အကျိုးစီးပွားကို ဖြစ်စေခဲ့ကြောင်း ဝမ်ဝန်ဘင်းက မှတ်ချက်ပြုသည်။

ဥရောပကော်မရှင်က ဟွာဝေးနှင့် ဇက်တီအီး မိုဘိုင်းဖုန်းကုမ္ပဏီများကို "အန္တရာယ်များသော" ကုန်ပစ္စည်းတင်ပို့သူအဖြစ် သတ်မှတ်ခြင်းသည် ဥရောပသမဂ္ဂ၏ လွတ်လပ်သောကုန်သွယ်မှုနှင့် တရားမျှတသော ယှဉ်ပြိုင်မှုဆိုင်ရာ ဈေးကွက်စီးပွားရေး အခြေခံမှုများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဥရောပသမဂ္ဂက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် ပြည်ပနိုင်ငံများမှ လုပ်ငန်းများကို ဖိနှိပ်ခြင်းမပြုရန် တရုတ်နိုင်ငံက တိုက်တွန်းခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ၂၀၂၂ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားကဏ္ဍမှ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး ၆ ဒသမ ၂ ရာခိုင်နှုန်းခန့်ရရှိ



မနီလာ   ဇွန်   ၁၇

၂၀၂၂ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားကဏ္ဍမှ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု တန်ဖိုး ၆ ဒသမ ၂ ရာခိုင်နှုန်းခန့် ရရှိခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

ခရီးသွားကဏ္ဍတွင် အလုပ်အကိုင်ရရှိမှုအရေအတွက်လည်း တိုးတက်လျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းတွင် အလုပ်အကိုင်အခွင့်အလမ်း ၅ ဒသမ ၃၅ သန်းရှိပြီး ၂၀၂၁ ခုနှစ်တွင် ရရှိခဲ့သည့် အလုပ်အကိုင်အခွင့်အလမ်း ၄ ဒသမ ၉၀ သန်းနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း သိရသည်။

ထို့ပြင် ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်ဖန်တီးပေးမှုသည် နိုင်ငံအတွင်း စုစုပေါင်း အလုပ်အကိုင်ရရှိမှု၏ ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အဓိက စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၁၂ ဒသမ ၇ ရာခိုင်နှုန်းအထိ ရပ်တည်ခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုသည် ခရီးသွားကဏ္ဍကို ဆိုးရွားစွာထိခိုက်စေခဲ့ပြီး နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု လျော့နည်းကာ ခရီးသွားဝန်ထမ်းပေါင်း ၁ ဒသမ ၁ သန်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် သိမ်ဇရပ်မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့




ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြမြေပုံ။




ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့သို့ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြမြေပုံ။

**နေပြည်တော် ဇွန် ၁၇**

KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ မြို့၏အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် အမှတ်(၇)ရပ်ကွက် ဂန္ဓမာလမ်းတွင် နေထိုင်သည့် ဒေသခံပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံမှတစ်ဆင့် ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

**ဆုတ်ခွာထွက်ပြေး**

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့အတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၂၆ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြို့၏အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ည ၁၀ နာရီခန့်တွင် အကြမ်းဖက်သမားများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖုံးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် သိမ်ဇရပ်မြို့ ရွာလေးကွက်သစ်တွင် နေထိုင်သည့် ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့ရပြီး အသက် ၅ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား သိမ်ဇရပ်တိုက်နယ်ဆေးရုံ၌ လိုအပ်သည့် ဆေးဝါးကုသမှုများခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KKO (ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်သည် လူမဆန်သည့် ယုတ်မာရိုင်းစိုင်းသော အစွန်းရောက်အကြမ်းဖက် လုပ်ရပ်ဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် နေရာများသို့ ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွှေချောင်းရပ်ကွက်နေ ခင်သော်တာသည် ၎င်းအသုံးပြုသည့် “Khin Thawdar” Face book အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေလှကျေးရွာနေ မျိုးဇော်ဝင်း(ခ)မျိုးဇော်သည် ၎င်းအသုံးပြုသည့် “Myo Zaw” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီလယ်ယာသုံးစက်ကိရိယာများအဖြစ် ပြောင်းလဲတိုးတက်သည့် တီထွင်ထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရည်အသွေး စမ်းသပ်စစ်ဆေးရေးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယဝန်ကြီးသည် လယ်ယာသုံးစက်ကိရိယာများ၏ ရှန်းအား၊ လည်ပတ်နှုန်း၊ အင်ဂျင်ပါဝါ၊ မီးခိုးပြင်းအား၊ ဝင်ရိုးပါဝါ၊ ဟိုက်ဒြောလစ်ပန့်ပါဝါ၊ ဝန်ချီအား၊ ထွန်စက်ဆွဲအား၊ အင်ဂျင်ဘလောက်နှင့် ဂီယာဘောက်များကို စမ်းသပ်ကိရိယာ ခုနစ်မျိုးဖြင့် စစ်ဆေးတိုင်းတာနိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း(ထုံးဘို)၏ တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်မှု၊ သရက်၊ လောင်ဂန်၊ နဂါးမောက်၊ ကျွဲကောသီးနှံများ စံပြစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ မြဘုရင် နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံ၏ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှု၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးအသုံးပြုနေမှု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ အင်းကုန်းကျေးရွာ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ၏ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်သည့် သံရည်ကြိုလုပ်ငန်း စက်ခုတ်စားခြင်းနှင့် အင်ဂျင်တပ်ဆင်ရေးအလုပ်ရုံ၊ သံဂဟော၊ ပုံဖိနှင့် လက်တွန်းထွန်စက်တပ်ဆင်ရေးအလုပ်ရုံ၊ ဂီယာ၊ ရှပ်များ စက်ခုတ်စားခြင်းနှင့် အမာတင်အလုပ်ရုံ၊ သံရည်ကြိုနှင့် ဂီယာအကြမ်း ပုံထောင်းအလုပ်ရုံ၊ ရိတ်သိမ်းခြွေလှေ့စက် တပ်ဆင်ရေးအလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးက လယ်ယာသုံးစက်ကိရိယာများ၏ အားနည်းချက် အားသာချက်များကို စဉ်ဆက်မပြတ်စောင့်ကြည့်အကဲဖြတ်ပြီး ခေတ်မီလယ်ယာသုံး စက်ကိရိယာများအဖြစ် ပြောင်းလဲတိုးတက်သည့် တီထွင်ထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ မွေးမြူရေးဇုန်တည်ထောင်နိုင်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအစာ စိုက်ပျိုးနိုင်ရေး၊ ရေရှိရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို သက်ဆိုင်ရာဌာနတာဝန်ခံနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးနဲ ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ဝမ်ယေးကျေးရွာ စက်တော်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေနေရာ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်အောင်အောင်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးမည့် သစ်ပင်များကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များအား လင်ခေးခရိုင်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအမ်ခါဆောဝ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းအောင်တို့က ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများက မဲဇလီ၊ ယူကလစ်၊ ကျွန်း၊ စိန်ပန်းနီ၊ ရေတမာ(သဘော်ာ တယ်)၊ မန်ကျဲရှား၊ စိန်တံချူ၊ ရေသင်းဝင် စသည့် ပျိုးပင် ၆၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

○ **ကျောဖုံးမှ**

ပြိုင်ပွဲမစတင်မီ အနုပညာရှင်များစွာပါဝင်သော ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဧည့်ခံရာ ရန်ပုံငွေပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူများက သောင်းသောင်းဖြဖြ အားပေးကြသည်။

ယနေ့ ဗိုလ်လုပွဲစဉ်အဖြစ် ရုပ်ရှင်အသင်း (MOVIE FC)နှင့် ဂီတအသင်း(MUSIC FC)၊ တတိယနေရာလုပွဲအတွက် ညွှန့်ပေါင်းအသင်း (OLD STAR )နှင့် FOREVER FC အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။



တေးသံရှင် ရာဇန ဖျော်ဖြေစဉ်။

ပထမပွဲစဉ်ဖြစ်သော တတိယနေရာလုပွဲတွင် နေလင်းဦး၊ အောင်ကျော်ကျော်၊ စိန်အေး၊ ကြည်လွင်၊ တင်မြင့်အောင်၊ သန်းဝေ၊ ကျော်မင်း၊ အေးနိုင်၊ တင်ဝင်း၊ မောင်မောင်ဌေး၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ အောင်မျိုး၊ မောင်မောင်မြင့်၊ မြင့်ကို၊ ထွန်းကျော်၊ မိုးကျော်၊ ကျော်မျိုးဟန်၊ ဌေးလွင်၊ ယဉ်မင်းအောင်တို့ပါဝင်သော မြန်မာ့ဘောလုံး လက်ရွေးစင်ဟောင်းများဖြစ်သည့် ညွှန့်ပေါင်း ဘောလုံးအသင်း(OLD STAR)နှင့် ကောင်းထက်ဇော်၊ အောင်ရေချမ်း၊ ကျော်ဆု၊ လင်းမြတ်၊ မာန်ဟိန်း၊ စည်သူဝင်း၊ နက္ခတ်၊ မှူးသီဟသူ၊ ရှင်မွေလ၊ မိုးသူရ၊ မင်းဘုန်းမြတ်၊ အောင်ပိုင်၊ စောမင်းရာ၊ နက်ရှိုင်းကို၊ ဝေဇာကျော်၊ နေဝန်း၊ မိုးကောင်းကင်တို့ ပါဝင်သည့် (FOREVER FC) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ပင်နယ်တီ ငါးလုံးစီကန်သွင်းစဉ် ညွှန့်ပေါင်းအသင်း(OLD STAR FC)က ခုနှစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဗိုလ်လုပွဲစဉ်အဖြစ် နေသူရိန်၊ သူထူးစံ၊ ကောင်းခန့်၊ မင်းခန့်၊ မိုးယံဇွန်၊ နေဒွေး၊ ကျော်ကျော်၊ ဘုန်းသျှံ၊ သာထက်၊ မင်းခန့်ကျော်၊ အိမ်အိမ်၊ အိစိကွေး၊ ဖိုးညဏ်၊ နေဇာန်၊ မျက်ပြူး၊ ထက်ဦးထွဋ်၊ မိုးမာန်၊ ဆူးရှ၊ ဟိန်းထက်၊ တေဇာအောင်တို့ ပါဝင်သော ရုပ်ရှင်အသင်း (MOVIE FC)နှင့် ကျော်ကျော်ထွန်း၊ ဆိုတေး၊ ဒီဖြိုး၊ အစ္စဏီ၊ ညီမင်းခိုင်၊ ဝေလျှံ၊ ဥက္ကါ၊ ရာဇန၊ ရော်ရွက်၊ မုန်ဆန်အောင်၊ သီဟလူ၊ သာထူးအောင်၊ နေလင်းကျော်၊ ZG၊ ဘိုဘိုမြသိန်း၊ အောင်အောင်ဦး၊ မုန်ထွယ်အောင်၊ လတ်ကိုကိုအေး၊ ဟန်ထွန်းဇော်၊ ရဲခေါင်ဆက်တို့ပါဝင်သည့် ဂီတအသင်း(MUSIC FC)တို့ ယှဉ်ပြိုင်ကစားရာ ဂီတအသင်း (MUSIC FC) က ရုပ်ရှင်အသင်း (MOVIE FC)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

မိုခါသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲတွင် ဂီတအသင်းက ပထမဆု၊ ရုပ်ရှင်အသင်းက ဒုတိယဆုနှင့် ညွှန့်ပေါင်းအသင်းက တတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ကြသည်။

ရန်ပုံငွေဘောလုံးပွဲစဉ်သည် လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များဖြင့် စည်ကားခဲ့ပြီး ဘောလုံးပွဲရပ်နားချိန်တွင် တေးဂီတဖျော်ဖြေမှုကို မွတ်သိမ့်နေကြသည့် လူငယ်၊ လူရွယ်များက အနုပညာရှင်တို့၏ ဂီတသံစဉ်များနှင့်အတူ အားပါးတရသံပြိုင်သီဆို အားပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်တွင် ရောင်းချရရှိသည့် ဘောလုံးပွဲဝင်ကြေးရန်ပုံငွေများကို မိုခါမုန်တိုင်း သဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ကုန်သွယ်/စီးပွား

# ပဲခူးတိုင်းဒေသကြီး၌ မိုးစပါးများ စတင်စိုက်ပျိုး

**ပဲခူး ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် စပါးသည် အဓိကစိုက်ပျိုးသော သီးနှံအမျိုးအစားတွင်ပါဝင်ပြီး မိုးစပါးစိုက်ဧက ၄၈၆၉၅ ဧကကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်သည် ယခင်နှစ်ထက် စိုက်ဧက ပိုမိုစိုက်ပျိုးနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ဧပြီလတွင် မိုးရွာသွန်းမှုကြောင့် မေလမှ စတင်၍ စပါးအခြောက်ကြဲ၍ စတင်စိုက်ပျိုးလျက်ရှိပြီး ကြဲစပါးခင်းဧကအနေဖြင့် ၃၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

**စိုက်ပျိုးလျက်ရှိ**

စပါးမျိုးဈေးနှုန်းများ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာနှင့် သွင်းအားစုဈေးနှုန်းများ မြင့်တက်နေပြီး လုပ်သားရှားပါးမှုတို့ကြောင့် တောင်သူများအနေဖြင့် စိုက်ခင်းအစား ကြဲခင်းများကိုသာ အဓိကထား စိုက်ပျိုးကြကြောင်း၊ မိုးညိုမြို့နယ်အတွင်း စိုက်ပျိုးသော စပါးမျိုးများမှာ ဆင်းသွယ်လတ်၊ မနောသုခ၊ ဆင်းသုခ၊ ကျော်ဇေယျ၊ သီးထပ်ရင်၊ ဆင်းစွယ်ရင်၊ ရောမင်း၊ ကောက်ညှင်း၊ အင်းမရဲဘော်၊ တစ်ထောင်ပိုကရင်မစပါးတို့ဖြစ်ပြီး မိုးညိုမြို့နယ်၏ ရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့် ကိုက်ညီသော ကရင်မစပါးမျိုးများနှင့် ဆင်းသုခစပါးမျိုးများကိုသာ အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**စီးပွား/ကူးသန်း**



✻ **သဘာဝဘေးအန္တရာယ်မှ**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဖက်ကျကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဖက်ကျကျေးရွာရှိ မူလဘုန်းတော်ကြီးကျောင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်တော်မြို့ရှိ မြို့မရွှေကျောင်း ဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သပြေကုန်းရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေး အဖွဲ့များက ငကျဉ်တောက်ကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်း၌ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်ပန္နူကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဝတ္ထုတို

## ■ ပိုင်ဆု(ပညာရေး)

# အချိုဆုံးပန်းသီး



(၁)

"ဆရာမရေ..ဆရာမ"

အိမ်ခေါင်မိုးသို့ တဖြောက်ဖြောက်ကျသော မိုးစက်တို့၏ ထိတွေ့သံနှင့်အတူ အိမ်ရှေ့မှခေါ်သံကို ကြားလိုက်ရသည်။ တည်လက်စထမင်းအိုးကို ခဏထားပြီး အိမ်ရှေ့သို့ထွက်လိုက်သည်။ တံခါးကို မဖွင့်ခင် နာရီကိုကြည့်လိုက်တော့ မနက် ငါးနာရီနဲ့ဆယ့်ငါးမိနစ်။

"ဟင် သမီး အေးနှင်း..စောစောစီးစီး ဘာဖြစ်လို့တုန်းကွဲ့"

"ဒီနေ့ ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့လေ..သမီးစာမေးပွဲအောင်တယ် ဂုဏ်ထူးသုံးခုတောင် ပါတယ် ဆရာမရဲ့"

"ဟယ်..တော်လိုက်တာသမီးရယ်"

ပြောရင်းနှင့်ပင် ဒေါ်သက်သည် တပည့်ဖြစ်သူ အေးနှင်းအား ပွေ့ဖက်လိုက်သည်။တပည့်ဖြစ်သူ၏ အောင်မြင်မှုအတွက် ဆရာမ၏ ပီတိသည် မည်သည့်အရာနှင့်မှ လဲလှယ်၍မရအောင် ခမ်းနားလွန်းလှသည်။ နှစ်အတော်ကြာအောင် မတွေ့ဖြစ်ကြသည်မို့ အေးနှင်းသည် ယခုဆိုအပျိုပေါက်စလေးဖြစ်ပြီး လှသွေးကြွယ်နေပြီဖြစ်မှန်း ဒေါ်သက်သတိထားမိသည်။

အမှန်တော့ ဒေါ်သက်သည် အေးနှင်းအား သူငယ်တန်း၊ပထမတန်းနှင့်တတိယတန်းတို့တွင်သာ အတန်းပိုင်အဖြစ်ပညာသင်ကြားပေးခဲ့ခြင်းဖြစ်ပြီး အေးနှင်းစတုတ္ထတန်းပြီးသွားကတည်းက ဒေါ်သက်တို့၏ မူလတန်းကျောင်းမှပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ ဆယ်တန်းသင်ကြားပေးခဲ့သော ဆရာ ဆရာမတွေကိုပင် ဦးစွာအသိမပေးဘဲ ငယ်ဆရာမဖြစ်သည့် ဒေါ်သက်ဆီသို့ ဦးစွာလာပြောရခြင်းမှာ သူမတို့နှစ်ဦးကြားတွင် ထူးခြားသောချိတ်ဆက်မှုမျိုးရှိခဲ့သောကြောင့်ပင် ဖြစ်သည်။

အေးနှင်းသည် ဆရာမဖြစ်သူအား ပန်းသီးများလက်ဆောင်ပေးပြီး ပြန်သွားသည်။ ဒေါ်သက်သည် ဦးစွာဘုရားကိုကပ်လိုက်ပြီးမှ ပန်းသီးများကိုခွဲကာ အိမ်သားတွေအားလုံးကိုပါ ကျွေးလိုက်သည်။ ကျွေးရင်းနှင့်ပင် ပြောလိုက်သေးသည်။

"ငါ့ဘဝမှာ အခုလောက်ကောင်းပြီး အရသာရှိတဲ့ပန်းသီးမျိုး တစ်ခါမှမစားဖူးဘူးတော်"

(၂)

လွန်ခဲ့သောဆယ်စုနှစ်ကျော်တစ်ခုဆီက ရက်စွဲများသည် ဒေါ်သက်၏ အတွေးအိမ်ထဲတွင် ပြန်လည်ဆန်းသစ်လို့လာစေခဲ့ပြန်သည်။ ထိုအချိန်တုန်းက ဒေါ်သက်သည် မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသောဆရာမလေးတစ်ဦးဖြစ်သည်။

ပထမတန်းတွင် သင်ကြားပေးရပြီး အတန်းထဲရှိကလေးများစွာထဲမှ အေးနှင်းအား ပို၍ သတိထားမိခဲ့သည်။ အေးနှင်းသည် အခြားကလေးများနှင့်မတူဘဲ သိမ်ငယ်မှုတွေနှင့်ပြည့်နှက်ပြီး အထီးကျန်နေဟန်ရှိမှန်း သိသာလှသည်။ ထို့ကြောင့်ပင် အခြားအတန်းဖော်များနှင့် ရင်းနှီးမှုရှိစေရန် စီစဉ်ပေးခဲ့သော်လည်း အေးနှင်းသည် ထူးခြားမှုမရှိခဲ့ပေ။

တစ်နေ့ အေးနှင်းသည် စာရေးချိန်တွင် စာမရေးဘဲ ငေးမှိုင်နေသောကြောင့် ဒေါ်သက်သည် အေးနှင်းအား ရှေ့သို့ခေါ်၍ မေးလိုက်သည်။

"သမီး အေးနှင်း... ဘာလို့ စာမရေးတာလဲ"

အေးနှင်းသည် ပြန်မဖြေဘဲ တစ်စုံတစ်ခုကိုကြောက်နေဟန်ရှိသည်။

"သမီးပြောလေ ဆရာမကို မကြောက်ရဘူး"

"သမီးမှာ စာအုပ်မရှိလို့ပါ ဆရာမ"

"ဟင်..သမီးအမေက မဝယ်ပေးလို့လား"

"အမေကအလုပ်မသွားခင် စာအုပ်ဖိုးပေးလိုက်ပါတယ်.. အဖေကအရက်သောက်ဖို့ယူသွားလို့ပါ"

ဒေါ်သက် ဘာမှပြန်မပြောနိုင်အောင်ပင် ရင်ထဲဆို့နင့်ခဲ့ရသည်။ အေးနှင်း ပိုပြီးခံစားသွားရမည်စိုးသောကြောင့် ဘာမှဆက်မမေးတော့ဘဲ နေရာသို့ပြန်ထိုင်ခိုင်းလိုက်တော့သည်။ ထို့နောက် စာအုပ်ဝယ်ပေးလိုက်ပြီး စာရေးခိုင်းလိုက်တော့သည်။

အခြားဆရာမများ၏ပြောစကားများအရ အေးနှင်း၏အမေသည် ဈေးထဲတွင် ဈေးရောင်းပြီး အဖေ ဖြစ်သူသည် မည်သည့်အလုပ်မှမလုပ်ဘဲ အရက်ဖြင့်သာ အချိန်ကုန်နေမှန်းသိခဲ့ရသည်။ သမီးဖြစ်သူ၏ ပညာရေးကိုလည်း စိတ်မဝင်စားဘဲ အရက်၏ကျေးကျွန်အဖြစ် ဘဝကိုဖြတ်သန်းနေသော အေးနှင်း၏ ဖခင်အကြောင်းသည် အပျိုကြီးဆရာမ ဒေါ်သက်အတွက် စိတ်ကုန်စရာဖြစ်ခဲ့သလို အေးနှင်းအတွက်လည်း စိတ်မကောင်းဖြစ်မိပြန်ခဲ့သည်။ ထိုနေ့မှစ၍ ဒေါ်သက်သည် အေးနှင်းလေးအတွက် စာအုပ်၊ခဲတံတွေကို အမြဲတမ်းကူညီဖြည့်ဆည်းပေးခဲ့သည်။ထို့ကြောင့်ပင် အေးနှင်းလေးသည်လည်း ဆရာမဖြစ်သူဒေါ်သက်အပေါ် သံယောဇဉ်ကြိုးများ ပိုမိုခိုင်မြဲလာခဲ့ခြင်းဖြစ်သည်။

(၃)

နှာခေါင်းထဲသို့ စူးရှရှဝင်လာသော အရက်နံ့ကြောင့် လှည့်ကြည့်လိုက်တော့ အရက်သောက်လာပုံရသည့် အမျိုးသားတစ်ဦး။ အေးနှင်း၏ အဖေဖြစ်မှန်း ဒေါ်သက်သိပါသည်။ထို့ကြောင့်ပင် အခန်းအပြင်သို့ထွက်ပြီး စကားပြောလိုက်တော့သည်။

"ဆရာမ ကျွန်တော့်ကိုခေါ်တယ် ဆိုလို့ပါ"

အရက်သမားဖြစ်ပေမယ့် ယဉ်ကျေးစွာဆိုလာသောအပြုအမူကြောင့် တော်သေးပါရဲ့ဟုစိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"ဒီလိုပါ..အေးနှင်းလေးဟာ အတန်းထဲမှာ လိမ္မာပြီးစာလည်းကြိုးစားပါတယ်။ ဒါပေမယ့် သူ့မှာ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုခုရှိတယ်လို့ ယူဆမိလို့ပါ။ အဲဒါကလည်း ဒီကအေးနှင်းလေးရဲ့ အဖေဖြစ်သူနဲ့ သက်ဆိုင်နေမလားဆိုပြီး ကျွန်မစကားပြောချင်လို့ ခေါ်လိုက်တာပါ"

"ဟုတ်ကဲ့ ဆရာမ ကျွန်တော်ကပညာမတတ်တော့ ဒဲ့ပြောပါလားခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မလည်း ပွင့်ပွင့်လင်းလင်းပဲပြောပါတော့မယ် ဒါကလည်း အေးနှင်းလေးရဲ့ဘဝရှေ့ရေးအတွက်ပါ.. ဒီကိစ္စက ကျွန်မနဲ့မသက်ဆိုင်ပေမယ့် ကျွန်မပြောပါရစေ ဖြစ်နိုင်ရင် ရှင်အရက်မသောက်ပါနဲ့တော့လား"

"ခင်ဗျာ"

အေးနှင်း၏ ဖခင်သည် အံ့အားသင့်သွားမှန်း သတိထားမိလိုက်သည်။ ဟုတ်လည်း ဟုတ်ပါသည်။ ဒေါ်သက်သည် စေတနာဓောဖြင့် ပြောလိုက်ပေမယ့် ထိုကိစ္စသည် သူနှင့် မသက်ဆိုင်မှန်း သိပါသည်။ အေးနှင်း၏ဖခင်သည်လည်း တစ်ခုခုကိုနားလည်သွားဟန်ဖြင့် "ကျွန်တော်အရက်ဖြတ်ဖို့ ကြိုးစားပါ့မယ်" ဟု ပြောပြီး ပြန်သွားတော့သည်။ ဒေါ်သက်ကသာ အတွေးများစွာဖြင့် တစ်ယောက်တည်းကျန်ခဲ့တော့သည်။

(၄)

အေးနှင်းလေး တတိယတန်းရောက်သည့်တိုင်အောင်ပင် ဒေါ်သက်သည် အေးနှင်းလေးအား စာအုပ်တွေ၊ ခဲတံတွေ ကူညီပေးနေရသလို အေးနှင်းလေး၏ဖခင်သည်လည်း အရက်နွံထဲမျောပါနေမြဲပင်ဖြစ်သည်။

သည်လိုနှင့် ကျောင်းကအပြန် လမ်းတစ်နေရာတွင် အေးနှင်းလေး၏ ဖခင်နှင့် ဆုံခဲ့ရသည်။အရက်သောက်ပေမယ့်လည်း ဆရာမအပေါ်သိတတ်ပြီး ယဉ်ယဉ်ကျေးကျေးနှင့် လာနှုတ်ဆက်ရှာသည်။

"ဪ.ရှင်အခုထိအရက်သောက်နေတုန်းပဲနော်"

"ကျွန်တော် ဖြတ်ဖို့ကြိုးစားနေပါတယ်ဆရာမ"

"ရှင်ဒီလိုပဲ ကျွန်မကိုပြောခဲ့တာပဲလေ၊ အေးနှင်းလေးက ငယ်သွားမှာမဟုတ်ဘူးနော်၊ သူက တဖြည်းဖြည်းကြီးလာမှာ၊ သူ့အနာဂတ်ရှင်မစဉ်းစားတော့ဘူးလား"

အေးနှင်းလေး၏ ဖခင်သည်ဒေါ်သက်၏စကားကြောင့် ဘာမှဆက်မပြောတော့ဘဲ ငြိမ်သွားသည်။

"အေးနှင်းလေးဟာ တစ်ချိန်ကျရင် ပညာတတ်ဖြစ်ခြင်း၊ မဖြစ်ခြင်းက ရှင်နဲ့ သက်ဆိုင်နေတယ်၊ ရှင် အရက်သောက်မယ့်ပိုက်ဆံတွေကို အေးနှင်းလေးရဲ့ပညာရေးအတွက် လိုအပ်တဲ့တစ်နေရာရာမှာ အသုံးပြုပေးပါလားရှင် ကျွန်မမေတ္တာရပ်ခံတာပါ"

အေးနှင်း၏ဖခင်သည် မည်သို့မှမတုံ့ပြန်တော့ဘဲ ဒေါ်သက်အား ကျောခိုင်းပြီး ထွက်သွားခဲ့သည်။ နောက်နေ့မှသိရတာကတော့ အေးနှင်းလေး၏ အဖေသည် အရက်ပြတ်သွားပြီး အလုပ်ပင်လုပ်နေပြီဖြစ်ကြောင်း သိရှိခဲ့ရသည်။ ဒေါ်သက်၏ ကြိုးစားအားထုတ်မှုအောင်မြင်သွားသလို အေးနှင်းလေးအတွက်လည်း လွန်စွာဝမ်းသာပီတိ ဖြစ်ခဲ့ရတော့သည်။

"ဟဲ့ ညီမ မိသက် ဘာတွေပြုံးနေတာလဲ"

အစ်မဖြစ်သူ၏ အသံကြားမှသာ ဒေါ်သက်၏အတိတ်ကာလဆီသို့လည်ပြန်သွားသော အတွေးများ ရပ်တန့်သွားခဲ့ရတော့သည်။

(၅)

နှစ်တွေလည်း အလီလီပြောင်းခဲ့ပြီဖြစ်သလို ဒေါ်သက်သည်ပင် နောက်နှစ်ဆိုပညာရေးဌာနမှ ပင်စင်ယူရတော့မည်ဖြစ်သည်။ ကျောင်းပိတ်ရက်မို့ ခြံထဲတွင် စာဖတ်ရင်း အချိန်ကုန်နေစဉ်မှာပင် အိမ်ရှေ့မှ ဆရာမဟု ခေါ်သံကြောင့် ဒေါ်သက်ကြည့်လိုက်တော့ အေးနှင်းကို တွေ့လိုက်ရသည်။

အေးနှင်းသည် အခုဆိုတည်ငြိမ်လှပသော အမျိုးသမီးငယ်တစ်ဦးအဖြစ် ဒေါ်သက် မြင်တွေ့လိုက်ရသည်။ အေးနှင်းသည် ဆရာမတစ်ဦးဖြစ်နေမှန်းတော့ ဒေါ်သက်ကြားသိခဲ့ရပြီးဖြစ်သည်။

"သမီး.. အေးနှင်း.. လှလာလိုက်တာကွယ်"

"ဆရာမတပည့်ပဲလေ... လှမှာပေါ့၊ ဒီနေ့ သမီး ဘီအီးဒီသင်တန်းဆင်းတယ် ဆရာမ"

"တော်လိုက်တာကွယ်"

"ဟုတ်ကဲ့ သင်တန်းကပြန်ပြန်လာချင်း ဆရာမကိုဦးဦးဖျားဖျားလာကန်တော့တာပါ။ ဆရာမက သမီးအတွက်တင်မဟုတ်ဘူး သမီးတို့မိသားစုအားလုံးအတွက် လမ်းပြပေးခဲ့တဲ့ မီးအိမ်ရှင်တစ်ဦးပါ"

"မဟုတ်ပါဘူး သမီးရယ်၊ ဖြစ်သင့်တဲ့အရာကို ဖြစ်မြောက်သွားအောင် ကူညီပေးရုံပါ၊ ကိုယ်ဘယ်လောက်ပဲပြုပြင်ပေးပေး ပြင်ဆင်ချင်စိတ် ပြောင်းလဲချင်စိတ်ရှိမှ အောင်မြင်တာပါ၊ ပြောရမယ်ဆိုရင် အပြန်အလှန်ထပ်တူညီသွားလို့ပါကွယ်"

"ဘာပဲဖြစ်ဖြစ် ဆရာမက သမီးတို့ဘဝရဲ့အရေးကြီးဆုံးအရာပဲ၊ အဖေကလည်း ဆရာမကို နောက်မှ လာတွေ့ပါဦးမယ်တဲ့၊ ကဲ..ဆရာမကိုကန်တော့ဖို့ အိမ်ထဲဝင်ရအောင်နော်"

အေးနှင်းလေးသည် ဒေါ်သက်၏ လက်ကိုဆွဲပြီး အိမ်ထဲသို့ဝင်လိုက်တော့သည်။ အေးနှင်း၏ လက်ထဲတွင် ကိုင်ထားသောအရာများကို အမှတ်တမဲ့နှင့်ကြည့်လိုက်တော့ ပန်းသီးများကိုမြင်တွေ့လိုက်ရသည်၊ ဒေါ်သက်လည်း တစ်ယောက်တည်းတွေး၍ကြိတ်ကာပြုံးလိုက်မိသည်။ ဘဝမှာအချိုဆုံးသော ပန်းသီးတွေကို နောက်တစ်ကြိမ် ထပ်စားရဦးမည်ဆိုသော အတွေးသည် ဒေါ်သက်၏ နှလုံးအိမ်ထဲသို့ လှပစွာ စီးဝင်လာခဲ့ပါတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## နေ့သစ်မင်္ဂလာ အလှဆင်ပါ

❖ လင်းကြက်တွန်လို့ ရောင်နီလာ
ကျေးငှက်တေးသံသာ။
မြတ်သောသံဃာ ဆွမ်းခံဆင်း
ကျေးလက်နံနက်ခင်း။
❖ နေ့သစ်အလင်း ကောင်းမှုစုံ
အေးချမ်းမေတ္တာခြုံ။
ပန်းမျိုးဖုံဖုံ ဖူးကာပွင့်
ရနံ့ကြိုင်လှိုင်လွင့်။
❖ ဝတ်ဘုံဆင့် တိမ်ပန်းချီ
ယှိမ်းကပျော်နေပြီ။
စိတ်တွေကိုယ်စီ လှဆင်ထား
မြင့်မြတ်တဲ့လူသား။
❖ မင်္ဂလာစကား တန်ဖိုးကို
အလေးထားပြောဆို။
နှုတ်ခွန်းချိုချို နှိုင်းယှဉ်ပြ
မြန်မာ့ယဉ်ကျေးမှု။ ။

မျိုးဇော်ဦး (ထားဝယ်)

## မြန်မာမလေးမို့ လှစေချင်

❖ ပိတုန်းရောင် ဆံနွယ်ထုံးနှင့်
ပြုံးစစ နှမငယ်
ရင်ဖုံးလက်ရှည် အဆင်လေးနဲ့
ယဉ်ကျေးလှတယ်။
❖ သနပ်ခါးလေး ပါးမှာခြယ်
သွားမှာကွယ် သွားတက်လေး
နှုတ်ခမ်းနီ ကူ မဆွဲ
ရဲရဲနီထွေး။
❖ ပန်းစပယ် ဖြူဖြူဖွေး
ရနံ့မွှေး သင်းပျံ့လှိုုံ
သူ့ခေါင်းမှာ တစ်ပွင့်တစ်ကုံး
ရစ်ထုံးလို့ပန်။
❖ ဆန်းသကွဲ့ မြန်မာဆန်ဆန်
အနောက်ဟန် ဘယ်မမှန်း။
ဆံမြိတ်ကို ရှေ့မှာချ
လှနိုင်ရက်လွန်း။
❖ အဖြူကို အရောင်စွန်းလို့
မပွန်းစေနဲ့ နှမပျို
ကိုယ့်ရိုးရာ ကိုယ့်အဝတ်အစားနဲ့
ဝံ့ကြွားမှုပို။
❖ မြန်မာမလေးမို့ ခေတ်ကိုကြို
လှစေလို တစ်သွင်ဆန်း။
မြန်မာ့မှု မြန်မာ့စရိုက်နဲ့
(လုံမတို့ရေ….)
လှလိုက် ကြစမ်း။ ။

မောင်စိုးငွေ (ကသစ်မြေ)

ဆောင်းပါး

# အရသာရှိသော အောင်မြင်မှု

■ ခင်ဇော်(သီတာကုန်းပြင်)

(၁)

မြန်မာ့ရာဇဝင်ထဲက စကားတစ်ခွန်းသည် အားပြင်းသော မြားတစ်စင်းကဲ့သို့ ကျွန်တော့် နှလုံးသားကို စိုက်ဝင်ဖူးပါသည်။ ထိုစကားကို ပြောခဲ့သူက မွန်သူရဲကောင်းလဂွန်းအိမ်။ ပြောခဲ့သည့် နေရာက အင်းဝ-ဟံသာဝတီစစ်ပွဲကာလများ….

မွန်-မြန်မာစစ်သည်တော်များ လက်နက်မပါ သစ္စာပြုပွဲ၌ မွန်စစ်သည်တော်များက လက်နက်များကို သဲသောင်တွင်မြှုပ်နှံထားကာ မြန်မာစစ်သည်များကို အလစ်တိုက်ခိုက်ဖမ်းဆီးရန် ကြိုတင်ကြံစည်ထားကြပါသည်။ သို့သော် မွန်သူရဲကောင်း လဂွန်းအိမ်ကြောင့် မွန်တို့၏ အကြံအစည်များ ပျက်စီးခဲ့ရသည်။ လဂွန်းအိမ်က မြန်မာအမတ်သတိုးအား မွန်တို့၏ သစ္စာပြုပွဲသည် မရိုးသားဟု ပြောသောကြောင့်ဖြစ်ပါသည်။

လဂွန်းအိမ်အား သစ္စာဖောက်ဟုဆိုကာ မွန်ဘုရင်ရာဇာဓိရာဇ်က သတ်မည်ပြုပါသည်။ သူရဲကောင်းလဂွန်းအိမ်က သစ္စာပြုပွဲပျက်ရသည်မှာ မိမိကြောင့် ဖြစ်ကြောင်း ဝန်ခံပါသည်။ သို့သော်ဟုဆိုကာ…

မွန်လူမျိုးတို့၏ ပုံရိပ်အတွက်၊ သမိုင်းရာဇဝင်အဆက်ဆက်အတွက် အရေးကြီးသောစကားတစ်ခွန်းကို တင်လျှောက်ခဲ့သည့်အတွက် ဟံသာဝတီနန်းတော်တစ်ခုလုံး အံ့သြတုန်လှုပ်ခဲ့ရပါသည်။

လဂွန်းအိမ်လျှောက်တင်ခဲ့သည်က…

“မတရားသော နည်းလမ်းဖြင့် အနိုင်မယူလို ယခုနိုင်သော်လည်း နောင်သောအခါ သမိုင်းတွင် မွန်တို့သည်အကောက်ကြံသော၊ ကတိမတည်သော လူမျိုးအဖြစ်အပြောမခံလို”ဟူ၍ ဖြစ်ပါသည်။

နောင်တွင် လဂွန်းအိမ်သည် မွန်တပ်ကို ဦးဆောင်ကာ ရဲဝံ့စွာတိုက်ခိုက်ပြပြီး သိက္ခာရှိစွာ အနိုင်ယူပြခဲ့ပါသည်။ ကတိသစ္စာမတည်သော၊ အကောက်ကြံသောပုံရိပ် သူတို့လူမျိုးအပေါ်မှာ စွန်းထင်းမသွားရန် မိမိအသက်ကိုရင်း၍ တားဆီးလိုက်သော လဂွန်းအိမ်၏ အမြော်အမြင်ကြီးမားမှုပင်ဖြစ်ပါသည်။

ဒီတစ်ပွဲတွင် မတရားသောနည်းလမ်းဖြင့် အောင်မြင်ခဲ့သော်လည်း ရာဇဝင်သမိုင်းအဆက်ဆက်တွင် ရှုံးပြီးရင်းရှုံးကာ လူမျိုး၏နာမည်ဂုဏ်သိက္ခာ အဖတ်ဆယ်မရမည့်အရေးမှ ကယ်တင်လိုက်သည့် လဂွန်းအိမ်၏စိတ်ထားကို ကျွန်တော်စွဲနေမိခဲ့ပါသည်။

**သမာသမတ်ကျကျ၊ သိက္ခာရှိရှိ အနိုင်ရသော အောင်မြင်မှုသာလျှင် အရသာရှိသော အောင်မြင်မှု ဖြစ်ပါသည်။ မတရားသော နည်းလမ်းဖြင့် အနိုင်မယူလို ယခုနိုင်သော်လည်း နောင်တွင် ကတိမတည်သော၊ အကောက်ကြံသော လူမျိုးအဖြစ် သမိုင်းတွင် ရှုံးပြီးရင်းရှုံးနေမည်ဆိုသော လဂွန်းအိမ်၏စကားက ကျွန်တော့်နားထဲ ပဲ့တင်ထပ်၍ နေပါတော့သည်**

( ၂ )

ပြီးခဲ့သည့်ရက်ပိုင်းက လူမှုကွန်ရက်ပေါ်တွင် အပြေးပြိုင်ပွဲဗီဒီယိုဖိုင်တစ်ခုကို ကြည့်ရပါသည်။

အပြေးချန်ပီယံ အမျိုးသမီးနှစ်ယောက်ယှဉ်ပြိုင်သည့်ပွဲဖြစ်သည်။ အဆိုပါပွဲကို လာရောက်အားပေးသူများလည်း အင်မတန်များပြားလှပါသည်။

နှစ်ယောက်စလုံး ခြေရည်တူကြပါသည်။ သို့သော် ပန်းဝင်ကာနီးမှ တစ်ယောက်က ခြေချော်လဲကျပါသည်။ ပြိုင်ဘက်ချော်လဲသည်ကို တွေ့မြင်ရသည်နှင့် တစ်ဖက်ပြိုင်ဘက်က ဆက်မပြေးဘဲ လဲကျနေသည့် ပြိုင်ဘက်ကို ဆွဲထူပေးခဲ့ပါသည်။ ထိုမြင်ကွင်းကို မြင်ရသည့်ပရိသတ်များစွာသည် လက်ခုတ်သြဘာများတီး၍ နှစ်ဦးစလုံးကို အားပေးကြသည်။

လဲကျသွားသော အပြေးသမားအမျိုးသမီးမှာ ချော်လဲသည့်ဒဏ်ကြောင့် ဆက်မပြေးနိုင်တော့ဘဲ ထော့နဲ့ထော့နဲ့ဖြင့် တစ်လှမ်းချင်းအားယူ၍ ပန်းတိုင်ရှိရာကို လျှောက်လှမ်းနေရပါသည်။

ပြိုင်ဘက်အမျိုးသမီးသည် ပန်းဝင်ကာနီးမှ ဆက်မပြေးတော့ဘဲနောက်ကြောင်းကို ပြန်လှည့်ကာ ဒဏ်ရာရသည့် ကိုယ့်ပြိုင်ဘက်ကို ဖေးကူတွဲလျက် တစ်လှမ်းချင်းလျှောက်ပြီး ပန်းတိုင်ကို နှစ်ဦးအတူ ပန်းဝင်သွားခဲ့ပါသည်။

ထင်မှတ်မထားသည့် ထိုမြင်ကွင်းကို မြင်ရသည့် အားပေးသူပရိသတ်များသည် ဟာခနဲဟင်ခနဲ ဖြစ်ကြရပြီး များစွာအံ့သြခြင်း၊ ကြည်နူးခြင်းများ ဖြစ်ကြရပါသည်။ တချို့ မျက်ရည်များကျသည်အထိ ထိုပြိုင်ပွဲက ပရိသတ်ကိုဖမ်းစားသွားပါသည်။

ပြိုင်ပွဲဝင်ကစားသမား၏ အသာစီးရတိုင်း အနိုင်မယူသည့်စိတ်ထားကို မြင်တွေ့ရသည့် ကျွန်တော်ပင် ကြည်နူးခြင်းမျက်ရည် စို့မိပါသေးသည်။ တစ်ဖက်အင်အား နည်းနေသည့်အချိန်တွင် နိုင်မှန်းသိပါလျက် အနိုင်မယူခဲ့သည့် ကမ္ဘာကျော်အမျိုးသမီးတစ်ဦး၏ စိတ်ထားက လှပလွန်းသည်။

(၃)

ဘောလုံးပွဲတစ်ပွဲတွင် ရှေ့တန်း တိုက်စစ်မှူးက တစ်ဖက်အသင်း နောက်တန်းကို ထိုးဖောက်ကာ ဘောလုံးကိုဆွဲပြီး ဂိုးသွင်းရန်ပြေးပါသည်။ တစ်ဖက်နောက်တန်းလူကလည်း လိုက်ဖျက်သည်။ ထိုစဉ် မတော်တဆဖြစ်ပြီး တိုက်စစ်မှူးလဲပါသည်။ ဂိုးဧရိယာထဲတွင်လဲသည့်အတွက် ဒိုင်က ပင်နယ်တီပေးပါသည်။ ဂိုးပြီပေါ့။ ဒါက အားလုံး၏ အတွေး။

ဂိုးသမားက ဖမ်းရန် အသင့်အနေအထား တိုက်စစ်မှူးကလည်း ကိုယ်တိုင်ကန်ရန် ဘောလုံးကို တည်ထားသည်။ ဒိုင်လူကြီးဆီက ကန်သွင်းဖို့ ခရာမှုတ်သံကြားလိုက်ရသည်နှင့် တိုက်စစ်မှူးက ဂိုးပေါက်နှင့်တလွဲ ဝေးရာဆီ ကန်ထုတ်လိုက်ပါသည်။

ပရိသတ်အားလုံး ဟာခနဲဖြစ်သွားကြရပါသည်။

တိုက်စစ်မှူးက သူလဲကျခြင်းသည် တစ်ဖက်နောက်ခံလူကြောင့် မဟုတ်ကြောင်း။ မတော်တဆ လဲကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ပင်နယ်တီနှင့် မထိုက်တန်ကြောင်း။ ထိုဂိုးမျိုး သူမလိုချင်။ တရားမျှတသည့်ဂိုးမျိုးရအောင် ဆက်ကစားမယ်ဆိုသည့် ကမ္ဘာကျော် ဘောလုံးသမားတစ်ဦး၏ စိတ်ထားမှာ မွန်မြတ်လှသည်။

( ၄ )

ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါနိုင်လျှင်ပြီးရော၊ ငါနေရာရရန် အရေးကြီးသည်။ မည်သို့ပင် နိုင်ရနိုင်ရ၊ ဘဝများကိုပဲ နင်းချေသွားရသွားရဆိုသည့် တစ်ကိုယ်ကောင်းဆန်သော အတ္တသမားတွေ စီးပွားရေးလောကထဲ၊ ဌာနထဲ၊ ကုမ္ပဏီများထဲ၊ နေရာမျိုးစုံတွင် အများကြီး ရှိနေကြပါသည်။

လူများသည် နိုင်ချင်ကြသည်ကို လက်ခံပါသည်။

လူကောင်းလူတော်များက နိုင်သင့်နိုင်ထိုက်သည့် နေရာတွင် သိက္ခာရှိရှိနိုင်ချင်ကြသည်။

နိုင်ပြီးရှက်နေရသည်မှာ ရှုံးပြီး သိက္ခာရှိနေခြင်းလောက် အရသာမရှိပါ။

သမာသမတ်ကျကျ၊ သိက္ခာရှိရှိအနိုင်ရသော အောင်မြင်မှုသာလျှင် အရသာရှိသော အောင်မြင်မှု ဖြစ်ပါသည်။ မတရားသော နည်းလမ်းဖြင့် အနိုင်မယူလို ယခုနိုင်သော်လည်း နောင်တွင် ကတိမတည်သော၊ အကောက်ကြံသော လူမျိုးအဖြစ် သမိုင်းတွင် ရှုံးပြီးရင်းရှုံးနေမည်ဆိုသော လဂွန်းအိမ်၏စကားက ကျွန်တော့်နားထဲ ပဲ့တင်ထပ်၍နေပါတော့သည်။ ။

## နေ့စဉ်ခြယ်သ ဘဝအလှ

❖ နေ့စဉ်ပင် ပြန်တွေးစစ်
သတိမလစ် ဖန်ခါခါ။
မနေ့ကငါ ယနေ့ထက်
ဘာတိုးတက်လာ။
❖ ရည်မှန်းချက် ထားရှိကာ
ရှေ့ကိုသာ ခရီးဆက်။
အခက်ခဲတွေကို ဘယ်မမှု
အန်တုယှဉ်လျက်။
❖ အသိဉာဏ် အစွမ်းထက်
အပျင်းမဖက် ဘဝတွင်။
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးဆင်ခြင်။
❖ အမိုက်တရား ဖယ်ရှောင်ကြဉ်
အောင်မြင်မှာ အမှန်မနွေး။
ရိုးဖြောင့်စွာ ဘဝလမ်းကို
လျှောက်လှမ်းမယ်လေး။
❖ စိတ်ဓာတ်ကို မြှင့်တင်ပေးလို့
လုံ့လမွေး အစဉ်တကယ်။
အချိန်ကို တန်ဖိုးထား
နိုးကြားစေကွယ်။
❖ ရည်မှန်းချက် ပန်းတိုင်ရယ်
လှမ်းနိုင်မယ် ဘယ်မလွဲ။
ဘဝမှာ တန်ခိုးထွားဖို့
ကြိုးစားပါအမြဲ။ ။

ရဲသွေးနီ (တက်ဝန်)



## မအူပင်ခရိုင် တရားသူကြီး ညောင်တုန်းမြို့မရဲစခန်းရှိ အချုပ်ခန်းအား စစ်ဆေး

ညောင်တုန်း ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တရားသူကြီး ဒေါ်အေးအေးမြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့မရဲစခန်းအတွင်းရှိ အချုပ်ခန်းအား ရောက်ရှိစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မျိုးထက်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးညီညီနှင့် တာဝန်ရှိသူများက အချုပ်ခန်းနှင့် စစ်ဆေးခံအချုပ်သားများအား လိုက်လံရှင်းလင်းပြသခဲ့ပြီး ခရိုင်တရားသူကြီးက စစ်ဆေးခံအချုပ်သားများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံမေးမြန်းခဲ့သည်။

ထို့နောက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများအား စစ်ဆေးမေးမြန်းခဲ့ပြီး ယခုလက်ရှိ ကောင်းမွန်သောအခြေအနေများကို ဆက်လက်ထိန်းသိမ်း၍ အချုပ်တရားခံများရသင့်သည့် အခွင့်အရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဘီးလင်း ဇွန် ၁၇

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်၊ ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ကျင်းပပေးရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များကို ခင်းကျင်းပြသခဲ့ရာ စိတ်ဝင်တစား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မင်းကင်းမြို့၌ MSME နှင့် မွေးမြူရေးလုပ်ငန်းရှင်များသို့ မတည်ထောက်ပံ့ငွေ ချေးငွေထုတ်ချေး

မင်းကင်း ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းရာဇာအစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မင်းကင်းမြို့နယ်၏ MSME နှင့် မွေးမြူရေးလုပ်ငန်းရှင်များသို့ မတည်ထောက်ပံ့ငွေ ချေးငွေထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လွင်က ချေးငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းရှင်များထံသို့ ချေးငွေများလွှဲပြောင်းပေးအပ်ခဲ့ပြီး လုပ်ငန်းရှင်များကိုယ်စား မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မင်းကင်းမြို့နယ်၏ MSME နှင့် မွေးမြူရေးလုပ်ငန်းရှင်များ ချေးငွေများလွှဲပြောင်းပေးအပ်ပွဲတွင် ဆန်စက်၊ ဆီစက်နှင့် မွေးမြူရေးလုပ်ငန်းရှင် ခုနစ်ဦးထံသို့ ငွေကျပ်သိန်း ၆၀၀ ကို ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## အောင်လံမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အောင်လံ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က အောင်လံမြို့နယ် အင်းကုန်းကျေးရွာအနီး သီတဂူဇောတိကဝိပဿနာ တက္ကသိုလ်ဝင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကာ ကျွန်း၊ ပိတောက်၊ တမာ၊ ရေတမာ၊ ငုရွှေဝါ၊ မည်စည်၊ မာတာကွတ်၊ စိန်ပန်းနီ စုစုပေါင်းပျိုးပင် ၃၀၀ အားစနစ်တကျ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၅ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၅ | ၂၇၀၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၀ | ၂၂၀၀ | ၂၂၂၅ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၁၄၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၅ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၂ |
| 95 Ron | ၂၀၃၃ | ၂၁၀၇ |
| HSD (500 ppm) | ၁၈၈၈ | ၁၉၅၆ |
| HSD (50 ppm) | ၁၉၆၂ | ၂၀၃၁ |
| HSD (10 ppm) | ၁၉၆၂ | ၂၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၄၈ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၄) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၃) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၇၅,၃၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၉၉၉) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၉၀၃) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ (၆) မိုင်ခွဲ၊ ၃၂ ရိပ်သာ၊ အမှတ်-၃၂/ဃ နေ ဦးထက်ခိုင်ဝင်း (၁၂/လမန (နိုင်) ၁၅၃၉၆၂) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၄၊ မြေကွက်အမှတ် (၁. အ/၈)၊ ဧရိယာ (၀. ၂၅၃၉) ဧကရှိ ဘိုးဘမြေ ဟုခေါ်တွင်သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် ၊ ၂၆ လမ်း နှင့် ၆၉ လမ်းထောင့် ၊ အမှတ် (၁. အ/၈) ဟုခေါ်တွင်သော ဒေါ်ခင်ညို အမည်ပေါက် ဘိုးဘပိုင်မြေ နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကိုဒေါင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၈၄၊ မြေကွက်အမှတ် (၁. အ/၉)၊ ဧရိယာ (၀. ၅၄၈၇) ဧကရှိ ဘိုးဘမြေ ဟု ခေါ်တွင်သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၆၉-လမ်း၊ အမှတ် (၁. အ/၉) ဟုခေါ်တွင်သော ဒေါ်ဆုပိုက်ရတနာ အမည်ပေါက် ဘိုးဘပိုင်မြေ နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ ဂိုဒေါင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ညို (၁၂/ပဘတ(နိုင်) ၀၀၅၆၃၈) နှင့် ဒေါ်ဆုပိုက်ရတနာ ( ၁၂/ပဘတ (နိုင်) ၀၃၃၅၂၃) ကိုင်ဆောင်သူများထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် (၁၆-၆-၂၀၂၃) ရက်နေ့တွင် စရံငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များ ယင်းမြေကွက်များပေါ် အဆောက်အဦနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သည့် မူရင်းစာရွက်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထက်ခိုင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးထွန်းသန့်ဇင်အောင်
LL.B, WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)
ဖုန်း-၀၉ ၅၁၅၀၄၀၃

ဦးသန်းလွင်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၇၇၁၁)

ဒေါ်နှင်းဝတ်ရည်ထွန်း (LL.B)
အထက်တန်းရှေ့နေ
(စဉ်-၅၁၀၉၇)

အမှတ်-၁၃၅ ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–( ၂၂,၂၃,၂၄ )၊ မြေကွက်အမှတ်–( ၂၃–ပ/၃၅+၂၄–ပ/၃၅ )၊ ဧရိယာ–( ၀.၁၄၅ )ဧက နှင့် မြေကွက်အမှတ်–( ၂၃–ပ/၃၆+၂၄–ပ/၃၆ )၊ ဧရိယာ–( ၀.၁၄၄ )ဧကရှိ နှစ်( ၆၀ )ဂရန်မြေကွက်( ၂ )ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ရင်ရင်ဝင်း ( ၁၂/လသန(နိုင်)၀၁၉၁၉၉ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ မြေကွက်များနှင့် မြေကွက်များပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်တန်းရှေ့နေ
ဒေါ်အင်ကြင်းမိုမို
(LL.B,D.B.L)
(စဉ် ၄၆၅၄၉)

တရားလွှတ်တော်ရှေ့နေများ
ဒေါ်မိုးမိုးအေး
(LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈)
WIPO,DL.101Switzerland

ဒေါ်တင်ဇာနည်နေဝင်း
(LL.B,D.I.L)(စဉ် ၉၅၇၃)
DL-101(WIPO)Geneva

☏ -09799991090, 09799991095, 09775560071, 09775560072
တိုက်အမှတ်(၃၈)၊အခန်းအမှတ်(၃၀၁)၊၃လွှာ၊မိုးကောင်းလမ်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(ရွှေဘုံသာအိမ်ရာစီမံကိန်း)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်(၅၁)၊ မြေအကျယ်အဝန်း (၈၉ပေ×၁၂၀ပေ/၁၃၀ပေ)၊ ဧရိယာ(၀.၂၅၅)ဧက၊ (၁၁၁၂၅)စတုရန်းပေရှိမြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဏုဏ္ဏတံကုမ္ပဏီလီမိတက်(၄၁/၁၉၉၅၁၉၉၆) အမည်ဖြင့်အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးကိုကို (၁၂/ရကန(နိုင်)၀၂၄၆၃၇)ထံမှ ဦးလှမြင့်(ခ)ဦးဝင်းကြိုင်(၁၂/လမန(နိုင်)၁၁၈၈၅၂)သည် "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပါသည်၊ အရပ်ကတိ စာချုပ်ဖြစ်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှမြင့်(ခ)ဦးဝင်းကြိုင်ထံမှ ဒေါ်စိုးစိုးအေး(ခ)ရှုချွန်(၁၂/လမတ(နိုင်)၀၁၉၇၀၅)သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၃၃/၂၀၂၃)အရ ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်း လာရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၅၅၄)
ဒေါ်ကေကေနိုင် (LL.B) — အထက်တန်းရှေ့နေ (စဉ် -၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှစင်းသာ)၊ ရွှစင်းသာမြို့ပတ်လမ်း၊ မြေကွက်အမှတ်(၁၄၂)၊ မြေအကျယ်အဝန်း(၂၅ပေ × ၅၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦမှဒုတိယထပ်၊(၃-လွှာ) B၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၁ပေခွဲ × ၄၇ပေ)ခန့် ရှိ တိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့် စပ်လျဉ်း၍အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင် ဒေါ်လှလှဝင်းနှင့် ကန်ထရိုက်တာများဖြစ်ကြသော ဦးခင်ရွှေနှင့်ဦးမျိုးအောင်တို့မှ "(၁၀-၉-၂၀၁၂) ရက်စွဲပါ (၆)ထပ်တိုက်အဆောက်အဦသစ်ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့်ကန်ထရိုက်တို့ နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်"အရ မြေပိုင်ရှင်ဒေါ်လှလှဝင်း စံစားပိုင်ခွင့်/ရပိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ပြီး မြေပိုင်ရှင်ထံမှဒေါ်အေးမြတ်မွန်အောင်(၁၂/မဂတ(နိုင်) ၀၀၉၉၀၄)သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" များဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုမြတ်မောင် (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၅၅၄)
ဒေါ်ကေကေနိုင် (LL.B) — အထက်တန်းရှေ့နေ (စဉ်–၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## အိတ်ဖွင့်တင်ဒါများခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(၃)ကျောင်းတွင် (၂၀၂၃–၂၀၂၄) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများနှင့် စက်ကိရိယာတန်ဆာပလာပစ္စည်းများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းရမည့်ရက်/အချိန် – ၁၉–၆–၂၀၂၃(တနင်္လာနေ့) နံနက် (၉:၀၀)နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် – ၁၇–၇–၂၀၂၃(တနင်္လာနေ့) မွန်းလွဲ (၂:၀၀)နာရီ
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ – သက်ဆိုင်ရာသင်တန်းကျောင်း၊ ရုံးခန်းများ

အသေးစိတ်သိရှိလိုပါက–

၁။ ရန်ကုန်သူနာပြုသင်တန်းကျောင်း၊ လသာမြို့နယ်၊ ၀၉–၅၃၁၂၂၄၅/ ၀၉–၅၃၆၈၅၀၄
၂။ အမျိုးသမီးကျန်းမာရေးဆရာမသင်တန်းကျောင်း၊ အမှတ်(၁၈)၊ ဝဂ်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ၀၉–၄၄၈၀၂၆၃၇၆
၃။ ဗဟိုအိမ်တိုင်ရာရောက်သားဖွားသင်တန်းကျောင်း၊ အမှတ် (၂) လမ်းမကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၀၉–၄၂၀၁၄၂၉၈၁

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

## ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (Open Tender)

၁။ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် အားကစားကွင်း/အားကစားရုံ/ အဆောက်အဦများအတွက် ဆောင်ရွက်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် – ၁၉–၆–၂၀၂၃ ရက်မှ ၁၄–၇–၂၀၂၃ ရက်ထိ
အချိန် – နံနက် ၉:၃၀ နာရီ မှ ညနေ ၁၆:၃၀ နာရီထိ

၃။ တင်ဒါပိတ်မည့်ရက် – ၂၀–၇–၂၀၂၃ ရက်
အချိန် – ညနေ ၁၆:၃၀ နာရီ

၄။ တင်ဒါခေါ်ယူသည့်လုပ်ငန်းများနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်–

**အမှတ် – ၃၆၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**
**ရုံးဖုန်း–၀၁–၉၅၅၅၁၀၈ ၊ ၀၁–၉၅၅၅၆၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် (၁၃) နေ ဒေါ်ခင်စောဝင်း [၁၂/ကတတ(နိုင်) ၀၀၆၉၇၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က) ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် -၆၇ (က) မြေညီထပ် (ယာ) ဟုခေါ်တွင်သော ရေမီးအစုံတိုက်ခန်းနှင့်တကွ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်တင်တင်ဦး [၁၁/မအန(နိုင်)၀၀၀၆၃၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စောဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုး LL.B, D.B.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၀၉)**
**အမှတ်(၃၉/က)၊ ဒုတိယထပ်၊ ဇေယျာသုခလမ်း၊ (က)ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph–09–7955 94290, 09–421049710**

## ကန့်ကွက်နိုင်ပါကြောင်း

